စစ်ကိုင်းတောင်ရိုး

# မြန်အောင် ဆရာတော်ဘုရားကြီး၏

အန္တေဝါသိကတပည့်

စဉ့်ကူးမြို့-တောင်အင်းရွာ ရွှေဒါးကျောင်း-ဘုန်းတော်ကြီး

## သီရိဘဒ္ဒန္တ ဥတ္တမ ထေရ်အရှင်

စီစဉ်ရေးသား ဟောကြားတော်မူအပ်သော

# ဆကာယ-နဝကာယ ဧကာဒသကာယကျမ်း

နှင့်

# ပရမတ္ထရုက္ခဒီပနီကျမ်း

၁၁၃
တမ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄

၂၁၆၈၂

စစ်ကိုင်းတောင်ရိုး

# မြန်အောင် ဆရာတော်ဘုရားကြီး၏

အန္တေဝါသိကတပည့်

စဉ့်ကူးမြို့-တောင်အင်းရွာ ရွှေဒါးကျောင်း-ဘုန်းတော်ကြီး

# သိရိဘဒ္ဒန္တ ဥတ္တမ ထေရ်အရှင်

စီစဉ်ရေးသား ဟောကြားတော်မူအပ်သော

# သကာယ - နဝကာယ ဇောဒသကာယကျမ်း

နှင့်

# ပရမတ္ထရူပက္ခန္ဓီမဉ္ဇိကကျမ်း


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၇ ကောဇာ ၁၃၄၅ ၁၉၈၄

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က
ပုံနှိပ်ထုတ်ဝေသည်။

စစ်ကိုင်းတောင်ရိုး-မြန်အောင်ချောင်-ဆရာတော်ဘုရားကြီး ဟောတော်မူသော

# ပရမတ္ထရုက္ခပုံ



ဆဲကာဝ်ယ်-နဝ်ကာဝ်ယ်

# ဧကောဒသကာဝယဒီပကာ ရှုမွယ်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကမ်၊မမ်၊ပစ်၊လက်၊ နိုပ်၊ငါးချက်၊ ပေါ်ထွက်အလင်းငါး။

ဤကားအကြောင်း ဤကားအကျိုးဟု အကြောင်းတရား အကျိုးတရား ၂-ပါးကို မသိမှုသည် အဝိဇ္ဇာ။ အကျိုးတရားကို လိုလားတောင့်တ ခြင်းမရမှုသည် တဏှာ၊ ဥပါဒါန်၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံဖြစ်ပေါ်လာ၏။ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ကမ္မဇဓာတ်မီး ဖြစ်ပေါ်လာ၏။

ဩဇာဓာတ်ဆီ ကမ္မဇဓာတ်မီးကြောင့် စက္ခုသန္တတိ ခေါ်သော အခိုးလေဓာတ် ဖြစ်ပေါ်လာ၏။ စက္ခုသန္တတိခေါ်သော အခိုးလေဓာတ်ကြောင့် စက္ခုပသာဒရုပ် ဖြစ်ပေါ်လာ၏။ ရူပါရုံ စက္ခုပသာဒရုပ်ကြောင့် စက္ခုဝိညာဏ်ဖြစ်ပေါ်လာ၏။ စက္ခုဝိညာဏ်ဖြစ်ပေါ်ခြင်းကြောင့် မြင်ခြင်းကိစ္စပြီး၏။ စက္ခုပသာဒရုပ်၊ စက္ခုဝိညာဏ်-နာမ်တရား၊ဤရုပ်နာမ်တရားနှစ်ပါးသည် ခန္ဓာငါးပါးမည်၏။ ဤခန္ဓာငါးပါးကို အနိစ္စတရား, ဒုက္ခတရား အနတ္တတရားဟူ၍ ဟောတော်မူသည်။

အဝိဇ္ဇာ တဏှာ ဥပါဒါန်ကြောင့် ကုသိုလ်ကံ·အကုသိုလ်ကံ ဖြစ်ပေါ်လာ၏။ ကုသိုလ်ကံ-အကုသိုလ်ကံကြောင့် ကမ္မဇဓာတ်မီး ဖြစ်ပေါ်လာ၏။ ဩဇာဓာတ်ဆီ ကမ္မဇဓာတ်မီးကြောင့် သောတသန္တတိခေါ်သောအခိုးလေဓာတ်ဖြစ်ပေါ်လာ၏။ သောတသန္တတိခေါ်သော အခိုးလေဓာတ်ကြောင့် သောတပသာဒရုပ် ဖြစ်ပေါ်လာ၏။ သဒ္ဒါရုံ- သောတပသာဒရုပ်ကြောင့် သောတဝိညာဏ်ဖြစ်ပေါ်လာ၏၊ သောတဝိညာဏ် ဖြစ်ပေါ်ခြင်း

ကြောင့် ကြားခြင်းကိုစွပြီး၏၊ သောတပသာဒ ရုပ်၊ သောတဝိညာဏ် နာမ်။ ဤရုပ်နာမ်တရား ၂-ပါးသည် ခန္ဓာငါးပါးမည်၏။ဤခန္ဓာငါးပါးကို အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားဟူ၍ ဟောတော်မူသည်။

ညြဇာခတ်ဆိ ကမ္မဇခတ်မီးကြောင့် ဃာနသန္တတိခေါ်သောအခိုး လေခတ်ဖြစ်ပေါ်လာ၏။ဃာနသန္တတိခေါ်သော အခိုးလေခတ်ကြောင့် ဃာနပသာဒရုပ် ဖြစ်ပေါ်လာ၏။ ဂန္ဓာရုံ-ဃာနပသာဒရုပ်ကြောင့်၊ ဃာနဝိညာဏ်ဖြစ်ပေါ်လာ၏။ဃာနဝိညာဏ် ဖြစ်ပေါ်ခြင်းကြောင့် နံခြင်းကိုစွပြီး၏။ ဃာနပသာဒရုပ်၊ ဃာနဝိညာဏ်နာမ် ဤရုပ်နာမ်တရား ၂-ပါးသည် ခန္ဓာငါးပါးမည်၏။ ဤခန္ဓာငါးပါးကို အနိစ္စတရား,ဒုက္ခတရား, အနတ္တတရားဟူ၍ ဟောတော်မူသည်။

ညြဇာခတ်ဆိ ကမ္မဇခတ်မီးကြောင့် ဇိဝှါသန္တတိခေါ်သော အခိုး လေခတ်ဖြစ်ပေါ်လာ၏။ ဇိဝှါသန္တတိခေါ်သော အခိုးလေခတ်ကြောင့် ဇိဝှါပသာဒရုပ် ဖြစ်ပေါ်လာ၏။ ရသာရုံ-ဇိဝှါပသာဒရုပ်ကြောင့် ဇိဝှါ ဝိညာဏ်ဖြစ်ပေါ်လာ၏။ ဇိဝှါဝိညာဏ်ဖြစ်ပေါ်ခြင်းကြောင့် စားခြင်း ကိုစွပြီး၏။ ဇိဝှါပသာဒရုပ်၊ ဇိဝှါဝိညာဏ်-နာမ်၊ ဤရုပ်တရား ၂-ပါး သည် ခန္ဓာငါးပါးမည်၏။ ဤခန္ဓာငါးပါးကို အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားဟူ၍ ဟောတော်မူသည်။

ညြဇာခတ်ဆိ ကမ္မဇခတ်မီးကြောင့် ကာယသန္တတိခေါ်သော အခိုး လေခတ်ဖြစ်ပေါ်လာ၏။ကာယသန္တတိခေါ်သောအခိုးလေခတ်ကြောင့် ကာယပသာဒရုပ်ဖြစ်ပေါ်လာ၏။ ဖောဋ္ဌဗ္ဗာရုံ၊ ကာယပသာဒရုပ်ကြောင့် ကာယဝိညာဏ်ဖြစ်ပေါ်လာ၏။ ကာယဝိညာဏ် ဖြစ်ပေါ်ခြင်းကြောင့် ထိခြင်းကိုစွပြီး၏။ ကာယပသာဒရုပ်၊ ကာယဝိညာဏ်နာမ်၊ ဤရုပ်နာမ် တရား ၂-ပါးသည် ခန္ဓာငါးပါးမည်၏။ ဤခန္ဓာငါးပါးကို အနိစ္စတရား ဒုက္ခတရား,အနတ္တတရားဟူ၍ဟောတော်မူသည်။

ဩဇာဓာတ်ဆီ ကမ္မဇဓာတ်မီးကြောင့် ဝတ္ထုဒသကတိခေါ်သော အခိုးလေဓာတ်ဖြစ်ပေါ်လာ၏။ ဝတ္ထုဒသကတိခေါ်သော အခိုးလေဓာတ်ကြောင့် ဟဒယဝတ္ထုရုပ် ဖြစ်ပေါ်လာ၏။ ၆-ပါးအာရုံ၊ ဟဒယဝတ္ထုရုပ်ကြောင့်မနောဝိညာဏ်ဖြစ်ပေါ်လာ၏၊မနောဝိညာဏ်ဖြစ်ပေါ်ခြင်းကြောင့်ကြံခြင်းသိခြင်းကိစ္စပြီး၏၊ ဟဒယဝတ္ထုရုပ် မနောဝိညာဏ် နာမ်၊ ဤရုပ်နာမ်တရားနှစ်ပါးသည် ခန္ဓာငါးပါးမည်၏။ ဤခန္ဓာငါးပါးကို အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားဟူ၍ ဟောတော်မူသည်။

ဩဇာဓာတ်ဆီ ကမ္မဇဓာတ်မီးကြောင့် ဘာဝဒသကတိခေါ်သော အခိုးလေဓာတ်ဖြစ်ပေါ်လာ၏၊ဘာဝဒသကတိခေါ်သော အခိုးလေဓာတ်ကြောင့် ပုရိသဘာဝရုပ် ဖြစ်ပေါ်လာ၏။ ပုရိသဘာဝကြောင့် ယောကျ်ားသဏ္ဌာန်ဖြစ်ပေါ်လာ၏။ ယောကျ်ားသဏ္ဌာန်ဖြစ်ပေါ်ခြင်းကြောင့်၊ ယောကျ်ားဖြစ်၏။ ပုရိသဘာဝရုပ်သည် ရူပက္ခန္ဓာမည်၏။ ဤရူပက္ခန္ဓာကို အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားဟူ၍ ဟောတော်မူသည်။ ၆-၇-လီ-၄၂-ပါးသောတရား။

ဆက ာယဒီပကရှုဖွယ် ဤတွင်ပြီး၏။

# နဝကာယ

အဝိဇ္ဇာတဏှာဥပါဒါန်ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံ ဖြစ်ပေါ်လာ၏။ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ကမ္မဇဓာတ်မီး ဖြစ်ပေါ်လာ၏။ ဩဇာဓာတ်ဆီ ကမ္မဇဓာတ်မီးကြောင့် ဝတ္ထုဒသကတိခေါ်သော အခိုးလေဓာတ်ဖြစ်ပေါ်လာ၏။ ဝတ္ထုဒသကတိခေါ်သော အခိုးလေဓာတ်ကြောင့်။ ဟဒယဝတ္ထုရုပ်ဖြစ်ပေါ်လာ၏။ ဟဒယဝတ္ထုရုပ်ကြောင့် ဆွမ်းပန်းကန်ကို ယူလိုသောစိတ်ဓာတ်ဖြစ်ပေါ်လာ၏။ ဆွမ်းပန်းကန်ကို ယူလိုသော စိတ်ဓာတ်ကြောင့် လက်ကို ထကြွလှုပ်ရှားစေနိုင်သော လေဓာတ်ဖြစ်ပေါ်လာ၏။လက်ကိုထကြွလှုပ်ရှားစေနိုင်သော လေဓာတ်ကြောင့်

လက်လှုပ်ခြင်းဖြစ်ပေါ်လာ၏။ လက်လှုပ်ခြင်းကြောင့် ဆွမ်းပန်းကန်ကို ယူခြင်းကိစ္စပြီး၏။ ဟဒယဝတ္ထုရုပ်၊ ဆွမ်းပန်းကန်ကို ယူလိုသောစိတ်က နာမ်တရား ဤရုပ်နာမ်တရားနှစ်ပါးသည် ခန္ဓာငါးပါးမည်၏။ ဤခန္ဓာငါးပါးကို အနိစ္စတရား ဒုက္ခတရား အနတ္တတရားဟူ၍ ဟောတော်မူသည်။

အဝိဇ္ဇာတဏှာ ဥပါဒါန်ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံ ဖြစ်ပေါ်လာ၏။ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ကမ္မဇဓာတ်မီး ဖြစ်ပေါ်လာ၏။ ဩဇာဓာတ်ဆီ ကမ္မဇဓာတ်မီးကြောင့် ဝတ္ထုသန္တတိခေါ်သော အခိုးလေဓာတ်ဖြစ်ပေါ်လာ၏။ ဝတ္ထုသန္တတိ အခိုးလေဓာတ်ကြောင့် ဟဒယဝတ္ထုရုပ်ဖြစ်ပေါ်လာ၏။ ဟဒယဝတ္ထုရုပ်ကြောင့် ဘုရားကိုသွားလိုသောစိတ်ဓာတ်ဖြစ်ပေါ်၏။ ဘုရားကိုသွားလိုသောစိတ်ဓာတ်ကြောင့် ခြေကိုထကြွလှုပ်ရှားစေနိုင်သော လေဓာတ်ဖြစ်ပေါ်လာ၏။ ခြေကိုထကြွလှုပ်ရှားစေနိုင်သော လေဓာတ်ကြောင့် ခြေလှုပ်ခြင်းဖြစ်ပေါ်လာ၏။ ခြေလှုပ်ခြင်းကြောင့် ဘုရားကိုသွားခြင်းကိစ္စပြီး၏။ ဟဒယဝတ္ထုရုပ်တရား။ ဘုရားကိုသွားလိုသောစိတ် နာမ်တရား ဤရုပ်နာမ်တရားနှစ်ပါးသည် ခန္ဓာငါးပါးမည်၏။ ဤခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တတရားဟူ၍ ဟောတော်မူသည်။

အဝိဇ္ဇာတဏှာ ဥပါဒါန်ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံဖြစ်ပေါ်လာ၏။ ကံကြောင့်ကမ္မဇဓာတ်မီးဖြစ်ပေါ်လာ၏။ ဩဇာဓာတ်ဆီ ကမ္မဇဓာတ်မီးကြောင့် ဝတ္ထုသန္တတိခေါ်သော အခိုးလေဓာတ်ဖြစ်ပေါ်လာ၏၊ ဝတ္ထုသန္တတိခေါ်သော အခိုးလေဓာတ်ကြောင့် ဟဒယဝတ္ထုရုပ်ဖြစ်ပေါ်လာ၏။ ဟဒယဝတ္ထုရုပ်ကြောင့် တရားကို ရွတ်ဆိုလိုသော စိတ်ဖြစ်ပေါ်လာ၏။ တရားကိုရွတ်ဆိုသောစိတ်ဓာတ်ကြောင့် အသံကိုဖြစ်ပေါ်စေနိုင်သော လေဓာတ်ဖြစ်ပေါ်လာ၏။ အသံကိုဖြစ်စေနိုင်သော လေဓာတ်ကြောင့် အသံဓာတ်ဖြစ်ပေါ်လာ၏။ အသံဓာတ် ဖြစ်ပေါ်ခြင်းကြောင့် ၆-လုံး ၈-လုံး ၁၁-လုံးသောတရား ရုပ်နာမ် ခုဖြစ်ခုပျက်၏။ ခုဖြစ်ခုပျက်၏ ဟု တရားကိုရွတ်ဆိုခြင်းကိစ္စပြီး၏။ ဟဒယဝတ္ထုက ရုပ်တရား၊တရားကိုရွတ်

ဆိုလိုသောစိတ်က နာမ်တရား၊ ဤရုပ်နာမ်တရားနှစ်ပါးသည် ခန္ဓာငါးပါး မည်၏။ ဤခန္ဓာငါးပါးကို အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားဟူ၍ ဟောတော်မူသည်။

နဝကာဃယဒီပကရှုဖွယ်ပြီး၏။ (၉-၃-လီ။ ၂၇-ပါး။)

---

(၁) နံနက်တထပ် ညဥ့်တထပ်မျိုသွင်းအပ်သောထမင်းဟင်းမှ-
(၂) ဩဇာဓာတ်ဆီဖြစ်ပေါ်လာ၏။
(၃) ဩဇာဓာတ်ဆီမှ ကမ္မဇဓာတ်မီးဖြစ်ပေါ်လာ၏။
(၄) ကမ္မဇဓာတ်မီးမှ ခုနစ်မျိုးသော အခိုးလေဓာတ်ဖြစ်ပေါ်လာ၏။
(၅) ခုနစ်မျိုးသောအခိုးလေဓာတ်မှ ရေကြည်ဖြစ်ပေါ်လာ၏။
(၆) ရေကြည်မှ အမြှုပ်ဖြစ်ပေါ်လာ၏။
(၇) အမြှုပ်မှ သွေးဖြစ်ပေါ်လာ၏၊
(၈) သွေးမှ သွေးခဲ ဖြစ်ပေါ်လာ၏၊
(၉) သွေးခဲမှ အသားဖြစ်ပေါ်လာ၏။
(၁၀) အသားမှ အကြော ဖြစ်လာ၏၊
(၁၁) အကြောမှ ဆံပင်မွေးညင်းဖြစ်ပေါ်လာ၏။

ဤသို့ ထမင်းဟင်းစသော ရုပ်တရားတို့သည် မတည်မမြဲ အနန်နဲ ဖောက်ပြန် လိမ်လည်၍ နေပုံကို ကြည့်ရှုဆင်ခြင်ကြလေ။

ကမ္မဇဓာတ်မီး ခုနစ်မျိုးသော အခိုးလေဓာတ်၊ ၎င်းလေဓာတ်အတွင်းက ဖြစ်ပေါ်လာသော ရုပ်နာမ်တရားနှစ်ပါး၊ ဤ ၃-ဌာနသည် ပရမတ္ထနယ် ပရမတ္ထကလာပ် ရေကြည်အမြှုပ်ကစ၍ ၇-ဌာနသည် သမ္မုတိ

ကလာပ် ပညတ်နယ်၌ သမ္မူဟကလာပ်ရုပ်သာ ရနိုင်သည်။ ပရမတ္ထနယ် အတွင်း ပရမတ္ထရုပ်နာမ်တို့၌သာ လက္ခဏာရေး ၃-ပါးကို ကြည့်ရှုလေ။

ကောဒသကာယဒီပက ရှုဖွယ်ပြီး၏။

ကမ် – ဓမ် — ပစ် — လက်၊ – နိပ် ငါးချက်၊ ပေါ်ထွက်အလင်းငါး

အဓိပ္ပါယ်မှာ။ ။ကမ်-ကား ကမ္မသကတညာဏ်ဆိုသည်။ ဓမ်ကား ဓမ္မဝဝတ္ထာပနညာဏ် ဆိုသည်။ ပစ်-ကား ပစ္စယ ပရိဂ္ဂဟညာဏ်ဆိုသည်၊ လက်-ကား လက္ခဏာပဋိဝေဓညာဏ်ဆိုသည်၊ နိပ်-ကား နိဗ္ဗိန္ဒပဋိဝေဓညာဏ်ဆိုသည်။

(၁) ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ကမ္မဇ ဓာတ်မီး ဖြစ်သည်၊ ကမ္မဇဓာတ်မီးကြောင့် ၇-မျိုးသော အခိုးလေဓာတ်ဖြစ်သည်၊ ၇-မျိုးသော အခိုးလေဓာတ်ကြောင့် ၇၀-သော ရုပ်ကလာပ် ဖြစ်သည်၊ ၇၀-သော ရုပ်ကလာပ်ကြောင့်၊ သန္တာန်နှင့်တကွ ခြောက်ပါးသော ဝိညာဏ်ဖြစ်သည်၊ ကံကား အကြောင်းတရား၊ ဓာတ်မီးအခိုး၊ ၇၀-သော ရုပ်ကလာပ်၊ ၆-ပါးသော ဝိညာဏ်ကား အကျိုးတရား၊ ဤသို့ ကံကိုလည်းကောင်း ကံ၏ အကျိုးတရား ၄-ပါးကိုလည်းကောင်း သိသောညာဏ်သည် ကမ္မသကတညာဏ် ဆိုသည်၊

(၂) ၄၂-ပါးသောတရား၊ ၂၇-ပါးသောတရား၊ ၁၁-ပါးသောတရား တို့ကို အသီးအသီး ပိုင်းခြား၍ သိသောညာဏ်ကို ဓမ္မဝဝတ္ထာပနညာဏ်ဆိုသည်။

(၃) ထိုရှစ်ဆယ်သောတရားတို့၌ အကြောင်းအကျိုးကို စပ်ဆက်၍ သိသောညာဏ်ကို ပစ္စယပရိဂ္ဂဟညာဏ်ဆိုသည်။

(၄) ထိုရှစ်ဆယ်သောတရားတို့၌၊ မမြဲသောသဘော၊ ဖြစ်ပျက်သောသဘော၊ အလိုသို့မလိုက်သော သဘောကို သိသောဉာဏ်ကို၊ လက္ခဏာပဋိဝေဓဉာဏ်ဆိုသည်၊ လေးဆယ့်နှစ်ပါးသော တရားတို့ကို တလုံး တလုံးစီ စေ့အောင်ရေ၊ နှစ်ဆယ့်ခုနစ်ပါးသော တရားတို့ကို တလုံး တလုံးစီစေ့အောင်ရေ၊ သိပေစီ။ တဆယ့်တပါးသော တရားတို့ကို တလုံး တလုံးစီစေ့အောင်ရေ၊ သက္ကာယဒိဋ္ဌိ ၂၀ နှင့် ၁၆-ပါးသော ဝိစိကိစ္ဆာ၊ ပေါင်းသုံးဆယ့်ခြောက်ပါးသော ကိလေသာတရားတို့၏ ချုပ်ငြိမ်းမှုကို သိသောဉာဏ်ကို နိဗ္ဗာနပဋိဝေဓဉာဏ်ဆိုသည်၊

မုဆိုးသည် သားကောင်ကို တွေ့မြင်မှ ချိန်ရွယ်၍ ပစ်နိုင်သကဲ့သို့၊ ယောဂီသူမြတ်တို့သည် တရားကို တွေ့မြင်မှ နိစ္စ-အနိစ္စတရားကို သုံးသပ်နိုင်သည်။

စက္ခုဝိညာဏ်ဖြစ်ကြောင်းတရားကို သိမ်းဆည်းသော ဉာဏ်သည်၊ ပစ္စယပရိဂ္ဂဟဉာဏ်လည်းမည်၏၊ ကင်္ခါဝိတရဏဝိသုဒ္ဓိလည်းမည်၏၊ ရုပ်နာမ်ဟု သိသောဉာဏ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်လည်းမည်၏။ ဒိဋ္ဌိဝိသုဒ္ဓိလည်းမည်၏၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို သိခြင်းသည် ဝိပဿနာဉာဏ် ဆယ်ပါး၏ အခြေပါဒလည်းဖြစ်၏။ မဂ်ဖိုလ်တို့၏ ပုဗ္ဗနိမိတ်လည်းဖြစ်၏၊ နိယတဂတိလည်းဖြစ်၏၊ စူဠသောတာပန်လည်းမည်၏၊ အဘယ်ကြောင့် စူဠသောတာပန်မည်သနည်း။

> ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပ္ပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ၊ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။)

ဣမိနာပနဉာဏေန၊ ဤနာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ဝါ-၆-လုံး ၉-လုံး ၁၁-လုံးနှင့် စဆုံးဆက်စပ် ကြောင်းကျိုးခွာတ်ကို အတတ်ထင်ထင် သိမြင်သောဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ၆-လုံး ၉-လုံး၊ ၁၁-လုံးနှင့်စဆုံးဆက်စပ်ကြောင်းကျိုးခွာတ်ကို အထပ်ထပ်ရှုကြည့်လေ့ရှိသော ပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ ယခု ရှင်တော်ဘုရား သာသနာတော်တွင်း၌။ လဒ္ဓဿာသော၊ ရအပ်သော

လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ တည်းဟူသော သက်သာရာ ရှိသည်။ ဟောတိ၊ ဖြစ်၏။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ တည်းဟူသော ထောက်ရာ တည်ရာ ကိုးကွယ်မှီခိုရာ ရှိသည်။ ဟောတိ၊ ဖြစ်၏။ နိယတဂတိကော၊ ၂၇-ဘုံ အစုံမရှိ ဆန်ဂတိ၌ မြဲသည်။ ဟောတိ၊ ဖြစ်၏။ စူဠသောတာပန္နောနာမ၊ ၂၇-ရပ်ဘုံအထပ်သို့ ရပ်ကာ ဆိုင်းကာ ဖြည်းဖြည်းသာလျှင် ဆန်တက်သော ပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို အတတ်သိမြင်သော ပညာရှိအပေါင်း သူတော်ကောင်းတို့ ရအပ်ခံစားအပ်သော အကျိုးပြ ဝိသုဒ္ဓိမဂ် အဋ္ဌကထာနပါဌ် အနက် ပြီး၏။

အာနန္ဒ၊ အာနန္ဒာ။ ယေပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ စေတဿ-ပဋိစ္စသမုပ္ပါဒဿ၊ ထိုပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို။ ဝါ-၆-လုံး ၉-လုံး ၁၁-လုံးဇာတ် ကြောင်းကျိုးခတ်ကို၊ န ဇာနန္တိ၊ မသိကြကုန်။ န ပဿန္တိ၊ မမြင်ကြကုန်။ တေ ပုဂ္ဂလာ၊ ထို ပုဂ္ဂိုလ်တို့သည်။ အပါယံ၊ အပါယ်လေးရပ် ဘုံအထပ်ကို။ နာတိဝတ္တန္တိ၊ မလွန်မြောက်နိုင်ကုန်။ နိပတန္တိ၊ အခါခပ်သိမ်း ထိန်း၍မရ ကျရောက်ရလေကုန်၏။

အာနန္ဒ၊ အာနန္ဒာ။ ယေပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်၊ စေတဿ-ပဋိစ္စသမုပ္ပါဒဿ၊ ထိုပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို။ ဝါ ၆-လုံး ၉ လုံး ၁၁-လုံးဇာတ် ကြောင်းကျိုးခတ်ကို။ ဝိဇာနန္တိ၊ အထူးသိနိုင်ကုန်၏။ ဝိပဿန္တိ၊ အထူးမြင်နိုင်ကုန်၏။ တေပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ အပါယံ၊ အပါယ်လေးရပ် ဘုံအထပ်ကို။ အတိဝတ္တန္တိ၊ လွန်မြောက်ကြပေကုန်၏။ အတိဝတ္တိတွာ၊ လွန်မြောက်ကြကုန်သည်ဖြစ်၍။ ဒေဝမနုဿေသု၊ လူ ပြည် နတ်ရပ် မွန်မြတ်သော သုဂတိဘုံဘဝတို့၌။ နိစ္စကာလံ၊ အခါခပ်သိမ်း။ အနုဇာယန္တိ၊ တဆင့်ထက် တဆင့် မြင့်ထက်မြင့်ရာ ဖြစ်သွားရှာကြကုန်၏။

ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို မသိလျှင် အပြစ်ဖြစ်ကြောင်း၊ သိလျှင် အကျိုးရှိကြောင်းကို ပြရာဒေသနာတော် ဖြစ်သည်။

| | (၁) | (၂) | (၃) | (၄) | (၅) | (၆) | ၆-လုံးသော တရား |
|---|---|---|---|---|---|---|---|
| ၁ | တဏှာ | ကုသိုလ်ကံ | ကမ္မဇဓာတ်မီး | စက္ခုသန္တတိ | စက္ခုပသာဒ | စက္ခုဝိညာဏ် | ၆× ၇-လီ |
| ၂ | တဏှာ | ကုသိုလ်ကံ | ကမ္မဇဓာတ်မီး | သောတသန္တတိ | သောတပသာဒ | သောတဝိညာဏ် | ၄၂-ပါးသော |
| ၃ | တဏှာ | ကုသိုလ်ကံ | ဓာတ်မီး | ဃာနသန္တတိ | ဃာနပသာဒ | ဃာနဝိညာဏ် | တရား |
| ၄ | အဝိဇ္ဇာ | ကုသိုလ်ကံ | ဓာတ်မီး | ဇိဝှါသန္တတိ | ဇိဝှါပသာဒ | ဇိဝှါဝိညာဏ် | |
| ၅ | အဝိဇ္ဇာ | ကုသိုလ်ကံ | ဓာတ်မီး | ကာယသန္တတိ | ကာယပသာဒ | ကာယဝိညာဏ် | |
| ၆ | အဝိဇ္ဇာ | ကုသိုလ်ကံ | ဓာတ်မီး | ဝတ္ထုသန္တတိ | ဟဒယဝတ္ထု | မနောဝိညာဏ် | |
| ၇ | တဏှာ | ကုသိုလ်ကံ | ကမ္မဇဓာတ်မီး | ဘာဝသန္တတိ | ဘာဝရုပ် | သန္တာန် ၂-ပါး | |

| | (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
|---|---|---|---|---|---|---|---|---|---|
| ၁ | တဏှာ | ကုသိုလ်ကံ | ဓါတ်မီး | ဝတ္ထုသန္တတိ | ဟဒယဝတ္ထု | ရှေးသွားလိုသောစိတ် | ခြေလှုပ်စေနိုင်သော လေဓါတ် | ခြေကြွခြင်း | သွားခြင်းကိစ္စပြီး၏ |
| ၂ | တဏှာ | ကုသိုလ်ကံ | ဓါတ်မီး | ဝတ္ထုသန္တတိ | ဟဒယဝတ္ထု | စကားဆိုလိုသောစိတ် | အသံဖြစ်စေနိုင်သောလေဓါတ် | အသံဓါတ် | စကားပြောခြင်းကိစ္စပြီး၏ |
| ၃ | တဏှာ | ကုသိုလ်ကံ | ဓါတ်မီး | ဝတ္ထုသန္တတိ | ဟဒယဝတ္ထု | ပန်းကန်ကိုယူလိုသောစိတ် | လက်လှုပ်စေနိုင်သောလေဓါတ် | လက်လှုပ်ခြင်း | ပန်းကန်ကိုယူခြင်းကိစ္စပြီး၏ |

၉+၃-လီ (၂၇)ပါးသောတရား၊ ထမင်း ဟင်းမှ ဆံပင်အထိ ၁၁-လုံးသောတရား၊ ၁၁-လုံးကိန်း။ ။(၁)ထမင်းဟင်းမှ (၂)သြဇာဓာတ်ဆီဖြစ်ပေါ်လာ၏။ (၃) သြဇာဓာတ်ဆီမှ ကမ္မဇဓာတ်မီး ဖြစ်ပေါ်လာ၏။ (၄) ကမ္မဇဓာတ်မီးမှ ၇-မျိုးသော အခိုးလေဓာတ် ဖြစ်ပေါ်လာ၏။ (၅) အခိုးမှရေကြည် ဖြစ်၏။ (၆) ရေကြည်မှအမြုပ်ဖြစ်၏။ (၇) အမြုပ်မှ သွေး ဖြစ်၏။ (၈) သွေးမှ သွေးခဲ။ (၉)သွေးခဲမှ အသား။ (၁၀)အသားမှ အကြော။ (၁၁) အကြောမှ ဆံပင် ဖြစ်၏။ ၄၂-၂၇-၁၁-၃-ရပ် တရားပေါင်း(၈၀)။

## ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ။
## နာမရူပ ပရိစ္ဆေဒဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိ။

နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂ ပါးကို ဉာတပရိညာ စခန်းမည်၏။ ဉာတပရိညာဖြင့် ရုပ်ဓာတ်·နာမ်ဓာတ် ပရမတ်တရားကို ပိုင်းခြားနိုင်လျှင် ကလျာဏ အစစ်ဖြစ်တော့၏။ ထိုဉာတပရိညာစခန်း သည် ကျင့်ရသေးသည် မဟုတ်။ ကလျာဏ မိတ်ကောင်း ဆရာကောင်း တို့ထံ နည်းခံသင်ကြား နာယူမှတ်သားရသော အလုပ်စခန်းသာတည်း။

ကလျာဏပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရခြင်း၏ အကျိုးကား- ကလျာဏ အစစ်နှင့် သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့သည် အပါယ် မြစ်ဇလုပ်၌ မနစ်မြုပ် နိုင်ကြောင်း။

### နတ်သားလျှောက်ချက်

အပတိဋ္ဌေ အနာလမ္ဗေ ကော ဂမ္ဘီရေ န သီဒတိ။

သံယုတ်ပါဠိတော်

အနက်။ ။ဘန္တေ၊ မြတ်စွာဘုရား။အပ္ပတိဋ္ဌေ၊ တကယ့်သေရေးသေရာသို့ ရောက်လျှင် ထောက်ရာ တည်ရာ မှီခိုရာသည်း မရှိသော။ အနာလမ္ဗေ၊ တကယ့်ရေလယ်တကယ့်ဝဲကြီးနှင့် တူပေသည့်တကယ့်သေပွဲ ကြီးဝယ် တကယ်ဆွဲရာကိုင်ရာ မှီတွယ်ရာလည်းမရှိသော။ ဂမ္ဘီရေ။ အထက် ဘဝဂ်မှ အောက်အဝီစိတိုင်အောင် နက်ချင်သမျှ နက်လှစွာသော သံသ ရာ သမုဒ္ဒရာကြီးထဲ၌။ ကော၊ အဘယ် မည်သူ နတ်နှင့် လူသည်။ နသီ ဒတိ၊ မနစ်မမြုပ် နိုင်ပါသနည်း မြတ်စွာဘုရား။

### မြတ်စွာဘုရားဖြေကြားချက်

အပ္ပတိဋ္ဌေ အနာလမ္ဗေ၊ သေခေါဂမ္ဘီရေ န သီဒတိ။ သံယုတ်ပါဠိတော်။

အနက်။ ။ဒေဝပုတ္တ၊ တကယ့်စကား တကယ့်တရား၊ လျှောက်ထားလာ ပြား ဒါယကာ နတ်သား၊ အပ္ပတိဋ္ဌေ၊ တကယ့်သေရေး

သေရာသို့ရောက်လျှင်၊ ထောက်ရာ တည်ရာ မှီခိုရာလည်းမရှိသော။ အနာ-လမ္ဗေ၊တကယ့်ရေလယ် တကယ့်ဝဲကြီးနှင့်တူပေသည့်တကယ့်သေပွဲကြီးဝယ်၊ တကယ်ဆွဲရာ ကိုင်ရာ မှီတွယ်ရာလည်းမရှိသော။ ဂမ္ဘီရေ၊ အထက်ဘဝဂ်မှ အောက်အဝီစိတိုင်အောင် နက်ချင်သမျှ နက်လှစွာသော သံသရာ သမုဒ္ဒရာကြီးထဲ၌။ သေခေါ၊ ခန္ဓာခေတ် အာယတနစသည်တို့ကို ကျွမ်းကျင်လိမ္မာသော ကလျာဏ အစစ်နှင့် သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့သည်။ နသီဒတိ၊ ဗူးတောင်းကို ရေမှာပစ်သကဲ့သို့ ဘယ်နည်းနှင့်မျှ မနစ်မမြုပ် နိုင်လေတော့သတည်း။

ဒါယကာနတ်သား အရိယာရှစ်ယောက်တွင် အရဟတ္တဖိုလ် ပုဂ္ဂိုလ်ကို နုတ်၍ ကျန်အရိယာ ၇-ယောက်သည်၊ သေက္ခပုဂ္ဂိုလ်မည်၏။

ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်ရခြင်း၏
အကျိုးကို ပြဆိုရာပြီး၏။

---

## ကောင်းမှုရှင်တို့၏ဆုတောင်း

မွေဒါန၊ ကြည်စွာရှင်လန်း၊ လှူဒါန်းပါရ၊ ဤပုညကြောင့်၊ နှစ်ဝနာမ်ရုပ်၊ အမြန်ချုပ်၊ ပြုတ်စေသံသရာ။

ယခုပြုကြ၊ ကုသလကြောင့်၊ ဘဝနောင်ခါ၊ သံသရာတွင်၊ မဟာပုရိသ၊ ဇာနေယျ၊ မုချဖြစ်ရလို။

သူတော်ဥစ္စာ၊ ခုနစ်ဖြာနှင့်၊ ကောင်းစွာတိဟိ၊ ပြည့်စုံဘိလျက်၊ သက်ရှည်နာကင်း၊ ချမ်းသာခြင်း၊ ထင်လင်းရပါလို။

ပညာပြိုးမောက်၊ တန်ခိုးတောက်လျက်၊ စိုးကြောက်မရှိ၊ မိဂိန္ဒရာ၊ ကေသရာနှယ်၊ သတ္တိကြွယ်၊ တကယ် ဖြစ်ရလို။

စိတ်ညစ်လှစွာ၊ ကာမဂုဏ်ရှုတ်၊ ဟာရားယုတ်ကို၊ စပ်ဆုပ်ရွံရှာ၊ သာသနာထမ်း၊ မြတ်ရဟန်း၊ ရှင်လန်းဖြစ်ရလို။

ရဟန်းမြတ်စစ်၊ မှန်းတိုင်းဖြစ်၍၊ ရှင်ချစ်ဟောအပ်၊ ပိဋကတ်ကို၊ တတ်သိမြင်ကျွမ်း၊ တဘက်ကမ်း၊ ဆုံးခန်းတိုင်ရလို။

ခက်စွာသမုတ်၊ နာမ်ရုပ် ၂-ခု၊ တောင်မေရုကို၊ ခွဲထုစိတ်ဖြာ၊ ဒေသနာမိုး၊ ချိမ့်ချိမ့်ကျိုး၊ သွန်ဖြိုးရပါလို့။

နာမ်ရုပ်ပိုင်ပိုင်၊ မသိနိုင်၍၊ လက်မှိုင်ချထား၊ မေးသူများကို၊ တရားစည်ကြီး၊ ချိမ့်ချိမ့်ဟည်း၊ တီး၍ နှိုးရလို့။

ထက်အောက် ဝဲချီး၊ ချိမ့်ချိမ့်ဟည်းလျက်၊ စောထီးမြတ်စွာ၊ သာသနာကို၊ ရောင်ဝါတင့်ရှန်း၊ မှောင်ကိုလွှန်း၊ ထွန်းလင်းရပါလို့။

မေတ္တာပို့

များသတ္တဝါ၊ ဝေနေယျာလည်း၊ ရောဂါခပင်း၊ လွတ်လွတ်ရှင်း၊ ငြိမ်းခြင်းရောက်စေပါ။

စိုးရိမ်ကြောင့်ကြ၊ ဗျာပါဒလည်း၊ ကင်းပစေလို့၊ ဆုနန်ဆို ပို့လ်လူသတ္တဝါ။

အမျှဝေ

မဟာဂတ၊ ကုသလကို၊ များလှဝေနေ၊ ရကြစေ၊ ပေးဝေအမျှသာ။

---

မြတ်စွာဘုရားသခင်ကို သိကြားမင်း လျှောက်ရာဖြေတော်မူသည်မှာ။

သဗ္ဗဒါနံ- ဓမ္မဒါနံ- ဇိနာတိ၊ သဗ္ဗရသံ- ဓမ္မရသံ ဇိနာတိ
သဗ္ဗရတိံ - ဓမ္မရတိံ - ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ
ဟု ဖြေတော်မူ၏။

---

ခန္ဓာငါးပါးဖြစ်စဉ်၌ ဝင့်သုံးပါးမွဲ၍ ပြခြင်း

အဝိဇ္ဇာတဏှုပါဒါနံ ကိလေသဝဋ္ဋံ တေနညာဏေန သင်္ခါ-တာစရိယဂဏာတော နိက္ခန္တံ ရူပဝဋ္ဋံဝါ အတ္တာနတ္တိ အာဒိကံ၊ ပန္နရသ အတ္တာဒိဋ္ဌိံ ပဟာနတိ။

ကမ္မဘဝသင်္ခါတော ဘဝကေဒေသော သင်္ခါရာစ ကမ္မဝဋ္ဋံ။ တေနညာဏေန-ဥစ္ဆေဒါစရိယဂဏာတော နိက္ခန္တံ ရူပံ အတ္တာတောတိ အာဒိကံ ပဉ္စအတ္တာဒိဋ္ဌိံ ပဟာနတိ။

ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝသေသာစ
ဝိပါကဝဋ္ဋံ တသ္မိံ ဝိပါကဝဋ္ဋေ ဒုက္ခလက္ခဏံ ဉာဏေန တဏှာမာနံ
ပဟာနတိ။

အနက်။ ။အဝိဇ္ဇာတဏှုပါဒါနံ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်တရား သုံးပါးသည်။ ကိလေသဝဋ္ဋံ၊ ကိလေသဝဋ္ဋ မည်၏။ တေနဉာဏေန၊ ထိုကိလေသဝဋ္ဋကို သိသောဉာဏ်ဖြင့်။ သဿတာစရိယ-ဂဏာတော၊ သဿတဆရာကြီးတို့၏ ဂိုဏ်းမှ။ နိက္ခန္တံ၊ ထွက်သော။ ရူပဝန္တံ ဝါ အတ္တာနန္တိအာဒိကံ၊ ရူပဝန္တံ ဝါ အတ္တာနံ အစရှိသော။ ပန္နရသ အတ္တ-ဒိဋ္ဌိံ၊ တဆယ့်ငါးပါးသော အတ္တဒိဋ္ဌိကို။ ဝါ၊ တဆယ့်ငါးပါးသော သက္ကာယဒိဋ္ဌိကို။ ပဟာနတိ၊ ပယ်သတ်၏။

ကမ္မဘဝသင်္ခါတော၊ ကမ္မဘဝဟုဆိုအပ်သော။ ဘဝေကဒေသော စ၊ ဘဝတစိတ်သည်လည်းကောင်း။ သင်္ခါရာ စ၊ သင်္ခါရတရားသည် လည်းကောင်း။ ကမ္မဝဋ္ဋံ၊ ကမ္မဝဋ္ဋမည်၏။ တေနဉာဏေန၊ ထိုကမ္မဝဋ္ဋကို သိသော ဉာဏ်ဖြင့်။ ဥစ္ဆေဒါစရိယဂဏာတော၊ ဥစ္ဆေဒဆရာကြီးတို့၏ဂိုဏ်းမှ။ နိက္ခန္တံ၊ ထွက်သော။ ရူပံအတ္တတောတိအာဒိကံ၊ ရူပံ အတ္တတော အစရှိသော။ ပဉ္စအတ္တဒိဋ္ဌိံ၊ ငါးပါးသော အတ္တဒိဋ္ဌိကို။ ဝါ၊ ငါးပါးသော ဥစ္ဆေဒဒိဋ္ဌိကို။ ပဟာနတိ၊ ပယ်သတ်၏။

ဥပပတ္တိဘဝတော၊ ဥပပတ္တိဘဝဟုဆိုအပ်သော။ ဘဝေကဒေသောစ၊ ဘဝတစိတ်သည်လည်းကောင်း။ အဝသေသာစ၊ ဥပပတ္တိဘဝမှကြွင်းကျန်သော။ ရုပ် နာမ် ခန္ဓာအပေါင်းတို့သည်လည်းကောင်း။ ဝါ၊ ကမ္မဇာတ် မီး၊ ၇-မျိုးသောသန္တတိ၊ ၇၀-သော ရုပ်ကလာပ်၊ ခြောက်ရပ်သော ဝိညာဏ်၊ ခြောက်စဉ်သောဝေဒနာ၊ ခြောက်ဖြာသောသညာ၊ များစွာသော သင်္ခါရတို့သည်။ ဝိပါကဝဋ္ဋံ၊ ဝိပါကဝဋ္ဋ မည်၏။ တသ္မိံ ဝိပါကဝဋ္ဋေ၊ ထို ဝိပါကဝဋ္ဋ၌။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာကို။ ဉာဏေန၊ သိသောဉာဏ်ဖြင့်။ တဏှာ မာနံ၊ တဏှာမာနတရားကို။ ပဟာနတိ၊ ပယ်သတ်၏။

**အဓိပ္ပာယ်ကား။** ။အဝိဇ္ဇာ တဏှာ ဥပါဒါန်တည်းဟူသော ကိလေသဝဋ်ကို သိသဖြင့် သဿတဒိဋ္ဌိဆရာကြီးတို့၏အယူဖြစ်သော၊ သက္ကာယဒိဋ္ဌိ (၁၅) ပါးကို ပယ်သတ်နိုင်၏။ ကမ္မဘဝသင်္ခါရဟူသော၊ ကမ္မဝဋ်ကိုသိသဖြင့် ဥစ္ဆေဒဒိဋ္ဌိဆရာကြီးတို့၏ အယူဖြစ်သော သက္ကာယဒိဋ္ဌိ ၅-ပါးကို ပယ်သတ်နိုင်၏၊ ရုပ် **နာမ်** ခန္ဓာငါးပါးဟူသော ဝိပါကဝဋ်ကို ဒုက္ခအစစ်အမှန်ဖြစ်ကြောင်း ပိုင်ပိုင်မိမိ ရှုကြည့်နိုင်ပါက၊ ဇဏှာ မာန တရားတို့ကို ပယ်သတ်ကာ ရဟန္တာအဖြစ်သို့တိုင်အောင် စွမ်းဆောင်နိုင်၏ဟုဆိုလိုသည်။

အထက်စကားကို ထင်ရှားပေါ်လွင်အောင် ဤနေရာ၌ အယူသုံးပါးကို ပြဆိုဦးအံ့။

**ဥစ္ဆေဒအယူမှာ။** ။ကုသိုလ်ကံ အကုသိုလ်ကံ ကံကြောင့်သတ္တဝါဖြစ်ပေါ်၍လာသည်မဟုတ်။ မိဘနှစ်ရပ်မိတ်ဆက်ဓာတ်ကြောင့်သာ ဖြစ်ပေါ်၍လာ၏ဟု အတိတ်ဘဝ(ကံ)ကို ပယ်၏။အတိတ်ဘဝကံနှင့်ကင်း၍ သတ္တဝါ-ဖြစ်နိုင်ကြောင်းကို ပိုင်ပိုင်သိက ထိုဥစ္ဆေဒ ဒိဋ္ဌိ အယူပျောက်၏၊ထို့ကြောင့် ဝဋ်ဖွဲ့ရာတွင် ကဝမ္မဝဋ်ကို သိသောဉာဏ်ဖြင့် ဥစ္ဆေဒဒိဋ္ဌိအယူကို ပယ်သတ်၏ဟုဆိုလိုသည်။

**ဥစ္ဆေဒအယူကိုဆိုအံ့။** ။ယေ မေ့ မှာ ဓာတုပ္ပဘဝါ၊တေသံဟေတုံဥစ္ဆေဒတော အာဟ၊

**ယေဓမ္မာ**၊အကြင်ရုပ်နာမ်၂-ဖြာ ခန္ဓာငါးပါး **သတ္တဝါအများတို့သည်**။ ဓာတုပ္ပဘဝါ၊ ဓာတ်၂-ပါး ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာကုန်၏။ တေသံ၊ ထိုရုပ်နာမ် ၂-ဖြာ ခန္ဓာငါးပါး သတ္တဝါအများတို့၏။ ဟေတုံ၊ ဖြစ်ပေါ်ရင်းမူလ ဣတ္ထိဘာဝ, ပုမ္ဘာဝဓာတ် ၂-ပါးကို။ ဥစ္ဆေဒေါ၊ သတ္တဝါသေသည်မှ နောက်ကာလ၌ ဘဝအသစ်တဖန် မဖြစ်ဟု အယူရှိသော။ ဝိဘဝေါ၊ ဝိဘဝဘုရားသည်။ အာဟ၊ ဟောတော်မူ၏။

**သဿတဒိဋ္ဌိ အယူမှာကား**—ကုသိုလ်ကံ-အကုသိုလ်ကံကြောင့် ရုပ်နာမ် ခန္ဓာ ဖြစ်ရသည်မှာ မှန်၏။ ထိုကုသိုလ်ကံ အကုသိုလ်ကံတို့ကား အသက်ကောင် ဝိညာဉ်ကောင်၊ သတ္တဝါကောင်သည်သာလျှင် ပြု၏ဟု အယူရှိကုန်၏။ ထိုကြောင့်ခန္ဓာငါးပါး၊ နာမ် ရုပ်တရားတို့ကို အတ္တဟူသော သတ္တဝါကောင်ကြောင့်ဖြစ်၏ဟုယူ၏။

**သဿတဒိဋ္ဌိအယူဆိုအံ့။** ။ယေ ဓမ္မာ အတ္တပဘဝါ တေသံ ဟေတုံ သဿတတော အာဟ။

**အနက်။** ။ယေဓမ္မာ၊ အကြင်ရုပ်နာမ် ၂-ဖြာ ခန္ဓာငါးပါး သင်္ခါရ တရားတို့သည်။ အတ္တပဘဝါ၊ ပရမအတ္တခေါ်သော ခန္ဓာသခင်၊ အသက်ဝိညာဉ်ကောင်ကြောင့် ဖြစ်ပေါ်လာကုန်၏။ တေသံ၊ ထိုရုပ်နာမ် ၂-ဖြာ ခန္ဓာငါးပါး သင်္ခါရတရားတို့၏။ ဟေတုံ၊ ဖြစ်ပေါ်ရင်းမူလ၊ ပရမအတ္တခေါ်သော ခန္ဓာသခင် အသက်ဝိညာဉ်ကို သဿတတော၊ သဿတအယူရှိသော။ ထေရော၊ ထေရဝါဒဘုရားသည်။ အာဟ၊ ဟောတော်မူ၏။

**သမ္မာဒိဋ္ဌိအယူမှာ** ရုပ်နာမ်ခန္ဓာဟူသော *ဝိပါက ဝဋ်တရားတို့သည် ရှေးအတိတ်ဘဝ ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော ကမ္မဝဋ်ကြောင့် ဖြစ်ပေါ်ရ၏။ ရှေးအတိတ်ကံကို အဝိဇ္ဇာ တဏှာ ဉပါဒါန်တည်း ဟူသော ကိလေသာဝဋ်ကြောင့် ဖြစ်ပေါ်ရ၏ဟု ဟောတော်မူသည်ကို သိ၍ကာ ကောင်းမှု မကောင်းမှုကံ ၂-ခုကို အတ္တကောင် သတ္တဝါကောင် က ပြု၏ဟူသော သဿတဒိဋ္ဌိ အယူကို ပယ်သတ်နိုင်၏ဟု ဆိုသည်။

**ယင်ရှားအောင် ပြဦးအံ့**-သမ္မာဒိဋ္ဌိအယူရှိသော သဗ္ဗညု ဘုရား၏ တပည့်သာဝက ဖြစ်သော အဿဇိမထေရ်သည် လက်ယာတော်ရံဖြစ်သော အရှင်သာရိပုတ္တရာမထေရ်ဖြစ်လတ္တံ့သော ဉပတိဿ ပရိဗိုဇ်အား ဟောကြားတော်မူသောဂါထာကား—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ
တေသံ ဟေတုံ တထာဂတော အာဟ၊
တေသဉ္စ ယော နိရောဓော
ဧဝံ ဝါဒီ မဟာသမဏော။

အနက်။ ။ယေဓမ္မာ၊ အကြင်ဣဋ္ဌ- အနိဋ္ဌ-စသည်ဖုံဖုံ-ရှုပါရုံကိုခံစား တတ်ကုန်သော၊ ခန္ဓာငါးပါး တရားအပေါင်းအစုတို့သည်။ ဟေတုပ္ပဘဝါ၊ သမုဒယသစ္စာ တဏှာလျှင် အကြောင်းမူလရှိကုန်၏။ တေသံ၊ ထိုခန္ဓာငါးပါးတရားအပေါင်းအစုတို့၏။ ဟေတုံ၊ အကြောင်းရင်းမူလဖြစ်သော သမုဒယသစ္စာ တဏှာကို။ တထာဂတော၊ ငါတို့ဆရာ မြတ်စွာဘုရားသည်။ အာဟ၊ ဟောပြတော်မူ၏။ တေသဉ္စ၊ ထိုကြောင်းကျိုးတရား ၂-ပါးတို့၏လည်း။ ယောနိရောဓော၊ အကြင်ချုပ်ရာအမှန် ပြည်နိဗ္ဗာန်ကိုလည်း။ တထာဂတော၊ ငါတို့ဆရာ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ ဧဝံဣမိနာဝုတ္တပကာရေန၊ ဤသို့ငါဆိုခဲ့ပြီးသော အပြားအားဖြင့်။ မဟာသမဏော၊ ရဟန်းတို့၏ အကြီးအမှူး ဦးစီးနာယကဖြစ်တော်မူသော ဘုရားသခင်သည်။ သာဝကာနံ၊ တပည့်သား သာဝကတို့အား။ ဝါဒီ၊ ပြောဟော, ပြသ, ဆုံးမတော်မူသော အလေ့ဝသီရှိတော်မူ၏။

အဓိပ္ပာယ်ကား။ ။ခန္ဓာငါးပါး အပေါင်းအစုတို့သည် သမုဒယသစ္စာ တဏှာတရားကြောင့် ဖြစ်၏ဟု ငါတို့ဆရာမြတ်စွာဘုရားသခင်သည် ဟောတော်မူ၏။ ထိုအခါ ခန္ဓာငါးပါးဟူသော အကျိုးတရား တဏှာဟူသော အကြောင်းတရားတို့၏ အကြွင်းမဲ့ ချုပ်ရာအမှန် ပြည်နိဗ္ဗာန်သည် ရှိ၏ဟု ရဟန်းတို့၏ အကြီးအမှူး ဦးစီးနာယက ဖြစ်သော ငါတို့ဆရာ မြတ်စွာဘုရားသည် တပည့်သား သာဝကတို့ကို ဟောတော်မူ၏ဟု ဥပတိဿအား အရှင်အဿဇိအရှင်မြတ်ဟောတော်မူရာ ရှေ့ဦးပါဒဂါထာဝက်ဖြင့် သောတာပန်ဟူသော ပဌမ မဂ်ဖိုလ်ကို ရကုန်၏၊ ဥပတိဿသည် သာလျှင် သောတာပတ္တိမဂ်ဖိုလ်သို့ ဆိုက်ရောက်သည်မဟုတ်၊ ရင်းမှတဆင့်

လက်စဲတော်ရှိ အရှင်မဟာမောဂ္ဂလာန် ဖြစ်လတ္တံ့သော ကောလိတသည်လည်း ထို "ယေ ဓမ္မာ ဟေတုပ္ပဘဝါ"ဟူသော ဂါထာနှင့်ပင် သောတာပတ္တိဖိုလ်သို့ ဆိုက်ကုန်၏။

## ယခုဘဝ၌ပင် သောတာပန်အဖြစ်သို့ ရောက်ကြောင်း အင်္ဂါလေးပါးကို ပြဆိုဦးအံ့

စတ္တာရိမေ ဘိက္ခဝေ သောတာပတ္တိ အင်္ဂါနိ ကတမေ စတ္တာရော သပ္ပုရိသသံသေဝေါ သဒ္ဓမ္မသဝနံ ယောနိသော မနသိကာရော ဓမ္မာနုဓမ္မပဋိပတ္တိတိ။

အနက်။ ။ဘိက္ခဝေ၊ အပါယ်ကင်းရန် သောတာပန်ကို အမှန်လိုလား အိုချစ်သား ချစ်သမီးတို့။ စတ္တာရိ၊ သချ်ာမြောက်မြား လေးပါးသောတရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ ယခုဘဝမှန် သောတာပန်တင်လင်း ချက်ချင်းဖြစ်ထိုက်သော အကြောင်းတရားတို့တည်း။ ဣမေ စတ္တာရော၊ ဤလေးပါးသော တရားတို့သည်။ ကတမေ၊ အဘယ်တို့နည်းဟူမူကား–

၁။ သပ္ပုရိသသံသေဝေါ၊ ရုပ်ဓာတ်၊ နာမ်ဓာတ် ပရမတ်တရားတို့ကို တတ်တတ်ထင်ထင် ကျွမ်းကျင်လိမ္မာသော ကလျာဏမိတ်ကောင်း ဆရာကောင်းတို့နှင့် ပေါင်းမိခြင်းသည်လည်း တပါး။

၂။ သဒ္ဓမ္မသဝနံ၊ ကလျာဏမိတ်ကောင်း ဆရာကောင်းတို့၏ ဟောပြောပြသသော တရားတို့ကို အထပ်ထပ်အခါခါ ကြားနာရခြင်းသည်လည်းတပါး။

၃။ ယောနိသော မနသိကာရော၊ ကြားနာရတိုင်း မဆုတ်ဆိုင်းပဲ ဟုတ်တိုင်းမြင်အောင် ကြံစည်စဉ်းစား နှလုံးထားရခြင်းသည်လည်း တပါး။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ ခန္ဓာငါးတန် ပရမတ်ဉာဏ်ဖြင့် အမှန်တိတိ ရုပ်နာမ်သိက ဒိဋ္ဌိဆိုတာ ငါငါထင်ချက် အမှားဖက်သမို့ ဉာဏ်နှင့် ပယ်ဖျက်ရခြင်းသည်လည်း တပါး။

ဣတိစတ္တာရိ၊ ဤသို့ပြထား လေးပါးအင်္ဂါ ပြုထိုက်စွာသည်။ သောတာပတ္တိယင်္ဂါနိ၊ မုချကေန် အမှန်ဒိဋ္ဌ ပစ္စက္ခဒ္ဓ မဂ်ရ ဖိုလ်ရ လောက တွင်တဖြာ သောတာပန်အင်္ဂါ ဖြစ်ပါပေကုန်သတည်း။

၁။ ကလျာဏအင်္ဂါ၊ လိုလောက်စွာ၊ ဆရာရှာကြပါ။

၂။ ဆရာမြတ်ဖျား၊ ဟောတရား၊ မှတ်သားနာယူပါ။

၃။ ကြားနာရတိုင်း၊ မဆုတ်ဆိုင်း၊ ဟုတ်တိုင်းကြံစည်ပါ။

၄။ ရုပ်နာမ်ပိုင်က၊ ဒိဋ္ဌိပ၊ ရကြ မဂ်သောတာ။
အင်္ဂါလေး၀၊ ပြည့်စုံက၊ ဝေးစွာ့အပါယ်ရွာ။
အမျိုးကောင်း သား၊သမီးများ၊ ကြိုးစားကြလေပါ။

## ရုပ်နာမ်တို့၏ သဘာဝလက္ခဏာ-သာမညလက္ခဏာတို့ကို မသိက အမှားကိုသာ ရှုတတ်ခြင်း

သင်္ခါရာနံ လက္ခဏေ ဝိမုဠှော သင်္ခါရာနံ သဘာဝလက္ခဏံ သာမညလက္ခဏဥ္စ အဂဏှန္တော သင်္ခါရေ အတ္တတော အတ္တနိယ-တော ဓုဝတော သုခတော သုဘတောတိ ဝိကပ္ပတိ။

(သမ္မော၊ဝိသုဒ္ဓိမဂ်)

အနက်။ ။သင်္ခါရာနံ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး သင်္ခါရတရားတို့၏။ လက္ခဏေ၊ လက္ခဏာ၌။ ဝိမုဠှော၊ အန္ဓပုထုဇဉ် အနေအစား နှင့်သာ အားရတင်းတိမ်၍ နေသဖြင့်။ ဝါ၊ ဒါနသီလသမထလောက် ကလေးနှင့်သာ အားရတင်းတိမ်၍ ဝိပဿနာအလုပ် အားမထုတ်ပဲ တွေဝေသော သူများသည်။ သင်္ခါရာနံ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး သင်္ခါရတရားတို့၏။ သဘာဝလက္ခဏဥ္စ၊ ဖောက်ပြန်ခံစား မှတ်သားပြုပြင်

ကြံသိခြင်းလျှင် သဘောရှိသော အသီးသီးသော လက္ခဏာတို့ကိုလည်း ကောင်း။ သာမညလက္ခဏာဋ္ဌ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး သင်္ခါရတရား တို့၏ မခိုင်မြဲမှုဟူသော အနိစ္စလက္ခဏာ၊ ဖြစ်ချုပ်ကြိမ်ဖန် အတန်တန်တို့ ကြောင့် ကေန်ဆင်းရဲမှုဟူသော ဒုက္ခလက္ခဏာ၊ မခိုင်မြဲသည့်အတွက် ခိုင်မြဲ၏ဆိုစရာ ငါဆိုတာ ဘာတခုမှ ဖိတ်မရသော အနတ္တလက္ခဏာတို့ကို။ အဂဏှန္တော၊ ရုပ်ခေတ်,နာမ်ခေတ်,ပရမတ်သဘောကို မတတ်သည့်အတွက် မမှတ်မယူနိုင်ကြသည်ဖြစ်၍။ သင်္ခါရေ၊ ရုပ်နာမ်ဓမ္မသင်္ခါရကို။ အတ္တတော၊ ငါဟူ၍၊ ဝါ၊ ခန္ဓာသခင် အသက်ဝိညာဉ်ဟူ၍။ အတ္တနိယတော၊ ငါ၏ ဥစ္စာဟူ၍။ ဓုဝတော၊ ဖြစ်ပေါ်လာပြီးနောက် မချုပ်ပျောက်နိုင်ပဲ ခိုင်မြဲ၏ဟူ၍။ သုခတော၊ ချမ်းသာ၏ဟူ၍။ သုဘတော၊ ချစ်မြတ်နိုးလောက် ဖွယ် လှပတင့်တယ်၏ဟူ၍။ ဝိကပ္ပေတိ၊ မဟုတ်ပဲနှင့် အလွဲကိုကြံဆမိကြ လေတော့သတည်း။

**အဓိပ္ပာယ်ကား။** ။ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ဖောက်ပြန်တတ်, ခံစားတတ်, မှတ်သားတတ်, ပြုပြင်တတ်, ကြံသိတတ်သော သဘောရှိသော သဘာဝလက္ခဏာတို့ လည်းကောင်း၊ မခိုင်မြဲမှု, ဆင်းရဲမှု, အစိုးမရ အနှစ်သာရမရှိမှုဟူသော သာမညလက္ခဏာတို့ကိုလည်းကောင်း၊ တတ်သိလိမ္မာခြင်းမရှိ၊ တတ်သိ လိမ္မာအောင်လည်း အားမထုတ်ပဲ ဒါန-သီလ-သမထဟူသော လောကီ ကုသိုလ်မှုကလေးမျှနှင့်ပင် အားရတင်းတိမ်လျက် ဝိပဿနာအလုပ်၌ မေ့ မေ့လျော့လျော့နေကြသော အန္ဓပုထုဇဉ်တို့သည် . ရုပ်နာမ်ဓမ္မ သဘာဝ ကို မတတ်သည့်အတွက် မိမိကိုယ်ကို အသက်ကောင် ဝိညာဉ်ကောင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်, ငါကောင်ဟူ၍လည်းကောင်း၊ ငါကောင် ရှိသဖြင့် ငါ၏ဥစ္စာလည်းရှိ၏ဟူ၍လည်းကောင်း၊ ဥပါဒ်, ဌီ, ဘင်တို့ဖြင့် ခဏမစဲ တသဲသဲချုပ်ပျက်လျက်နေသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို မပြိုမကွဲ တစိုင်တခဲကြီးခိုင်မြဲတည်ရှိ၏ ဟူ၍လည်းကောင်း၊ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, အာဟာရဒုက္ခစသော ဆင်းရဲအပေါင်းတို့နှင့် ပြည့် နှက်လျက် လွန်စွာဆင်းရဲကြသည်ကိုပင် ချမ်းသာ၏ ဟူ၍လည်းကောင်း၊

ကျင်ကြီးကျင်ငယ်, နှပ်, တံတွေး, ချွဲခန်း, သလိပ်, ပြည်, သွေးစသည်တို့ဖြင့် စက်ဆုပ်ရွံရှာဖွယ်အတိ ပြည့်နှက်လျက်ရှိသော ဒွတ္တိံသ ကာယကြီးကို ပင် ချစ်ခင်စုံမက် နှစ်သက် မြတ်နိုးလောက်ဖွယ် တင့်တယ်လှပ၏ဟူ၍ လည်းကောင်း၊ အန္ဓပုထုဇဉ်တို့သည် မဟုတ်မတရား အမှားကိုသာ ကြံသိမှတ်ယူကာ အပါယ်သံသရာသို့သာ ကျရောက်ရာလမ်းဖွင့်ကြလေ သတည်းဟု ဆိုလိုသည်။

အန္ဓပုထုဇဉ် ကလျာဏပုထုဇဉ် ၂-မျိုးခွဲပြခြင်း
အင်္ဂါကိုပြဆိုအံ့

ယဿ ခန္ဓဓာတု အာယတနာဒီသု ဥဂ္ဂဟ ပရိပုစ္ဆာသဝန ဓာရဏာ ပစ္စဝေက္ခဏာနိ နတ္ထိ၊ အယံ ပုထုဇ္ဇနော။ (သီလက္ခန်အဋ္ဌကထာ)။

အနက်။ ။ယဿ၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်အား။ ခန္ဓဓာတု အာယတနာဒီသု၊ ခန္ဓဓာတ် အာယတနစသည် တို့၌။ ဥဂ္ဂဟပရိပုစ္ဆာသဝန ဓာရဏာ ပစ္စဝေက္ခဏာနိ၊ သင်ကြားခြင်း၊ အဖန် တလဲလဲ မေးမြန်းခြင်း၊ ဆရာသမားဟောပြောသည်ကို နာယူခြင်း၊ သင်ကြားပြီးတရားကို နှုတ်တက်လေ့လာ စိတ်မှာဆောင်ထားခြင်း၊ ဉာဏ်ဖြင့်ကပ်၍ဆုံးဖြတ်စဉ်းစား နှလုံးထားခြင်းတို့သည်။ နတ္ထိ၊ မရှိကုန်။ အယံ၊ ဤတော်စွာ လျော်စွာ လူဖြစ်လာ၍ ခန္ဓာဓာတ် အာယတန စသည်တို့ကို ဉာဏ်မှာကပ်၍ ဆုံးဖြတ်စဉ်းစား နှလုံးထားခြင်းမရှိသူ ရှင် လူ ရဟန်းသည်။ အန္ဓပုထုဇ္ဇနော၊ ငါ ငါ ထင်တာပျောက်အောင် ကွာ အောင် တတ်နိုင်သော ဝိပဿနာ ဉာဏ်ပညာ မျက်စိကန်းကြ၍ အန္ဓ- ပုထုဇဉ်တွေသာ မည်ကုန်၏။

ကလျာဏပုထုဇဉ်၏ အင်္ဂါကိုပြဆိုအံ့

ယဿ တာနိ အတ္ထိ သော ကလျာဏပုထုဇ္ဇနော။
(သီလက္ခန်အဋ္ဌကထာ)။

အနက်။ ။ယဿ၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်အား။ တာနိ၊ ထိုခန္ဓာဓာတ် အာယတနစသည်တို့ကို သင်ကြားခြင်း၊ အဖန်

ထလဲလဲ မေးမြန်းခြင်း၊ ဆရာသမားဟောပြောသည်ကို နာယူခြင်း၊ သင်ကြားပြီး တရားကို နှုတ်တက်လေ့လာ စိတ်မှာဆောင်ထားခြင်း၊ ဉာဏ်ဖြင့် ကပ်၍ ဆုံးဖြတ်စဉ်းစား နှလုံးထားခြင်းတို့သည်။ အတ္တိ၊ ရှိကုန်၏။ သော၊ ထိုကြိုးမားမြင့်မောက် ကံကောင်းထောက်ခါ လူဖြစ်လာ၍ ခန္ဓာခတ်အာယ-တန စသည်များကို သင်ကြားဆောင်ရွက် နှုတ်တက်လေ့လာ ဉာဏ်မှာကပ်၍ ဆုံးဖြတ်စဉ်းစား နှလုံးထားနိုင်သူ ရှင်လူ ပုဂ္ဂိုလ်ဟူသည်။ ကလျာဏ-ပုထုဇ္ဇနော၊ သေသည်၏နောက် အပါယ်သို့ မကျရောက်နိုင်သော ကလျာဏပုထုဇဉ်မည်သည်။ ဟောတိ၊ ဖြစ်၏။ အဓိပ္ပာယ် သိနိုင်လောက်ပြီ။

အလွန် ကြုံခဲ တွေ့ခဲလှစွာသော သာသနာတော် အခါကာလကို ကြုံကြရ တွေ့ကြရသည်အခိုက် အလွန် ရခဲ ရောက်ခဲလှစွာသော မနုဿတ္တဘာဝဒုလ္လဘကို ရကြ ရောက်ကြရသော ယခုဘဝ ယခုအဖြစ်၌ ကလျာဏအစစ်၊ စူဠသောတာပန်အစစ်၊ မဟာသောတာပန်အစစ်သို့ မရ, ရအောင်၊ မရောက်, ရောက်အောင် ဝိပဿနာအလုပ်ကို ကြိုးကြိုးကုတ်ကုတ် အားထုတ်သင့်ပေသတည်း။

## ဝိပဿနာဉာဏ် (၁၆) ပါး၏ သရုပ်အကျဉ်းချုပ်

(၁) နာမရူပပရိစ္ဆေဒဉာဏ်=ရုပ် နာမ်တို့၏ သဘောလက္ခဏာနှင့် တကွ ဤကား ရုပ်၊ ဤကား နာမ်ဟု ပိုင်းခြား၍သိခြင်း စက္ခုပသာဒက ရုပ်၊ စက္ခုဝိညာဏ် မြင်သိမှုက နာမ်ဟုသိခြင်း။

(၂) ပစ္စယပရိဂ္ဂဟဉာဏ်=နာမ်ရုပ်တို့၏ ဖြစ်ပေါ်ရင်း အကြောင်းတရားတို့ကို ရှေးအတိတ်ဘဝက အဝိဇ္ဇာတဏှာ ဥပါဒါန် ကံတိုင်အောင် အနီးဆုံး ပဒဋ္ဌာန်ရှာမှီး၍ သိမ်းဆည်းနိုင်ခြင်း၊

(၃) သမ္မသနဉာဏ်=နာမ်ရုပ်တို့၏ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲတို့ကို ကာလသုံးပါးဖြင့် ပိုင်းခြား၍ အနိစ္စ,ဒုက္ခ,အနတ္တ ဟူသော လက္ခဏာယာဉ် သုံးပါးဖြင့် ဆင်ခြင်သုံးသပ်ခြင်း။

(၄) ဥဒယဗ္ဗယဉာဏ်=ယခု ပစ္စုပ္ပန်ဖြစ်သော နာမ်ရုပ်တို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်မှု ချုပ်ပျောက်မှု နှစ်ပါးကိုရှုခြင်း။

(၅) ဘင်္ဂဉာဏ်=ပစ္စုပ္ပန် နာမ်ရုပ်တို့၏ ချုပ်ပျက်မှု တပါးကိုသာ ရှုခြင်း။ မျက်စိအကြည်သဘော အဆင်းသဘော အဆင်းသဘောကို သိသော စိတ်သဘော၊ ခဏခဏပျက် ခဏခဏချုပ်၍ မမြဲသောကြောင့် အနိစ္စ၊ ဆင်းရဲသောကြောင့် ဒုက္ခ၊ အစိုးမရသောကြောင့် အနတ္တဟု ချုပ်ပျက်မှုကို ရှုခြင်း။

(၆) နာမ် ရုပ်တို့၏ ချုပ်ပျက်မှုကို မြင်သဖြင့် ကြောက်ဖွယ် ဘေးကြီးဟု ထင်မြင်သောဉာဏ်။

(၇) အာဒီနဝဉာဏ်=နာမ်ရုပ်တို့၏ ချုပ်ပျက်မှု စသော အပြစ် တွေကို ထင်မြင်သောဉာဏ်။

(၈) နိဗ္ဗိန္ဒဉာဏ်=နာမ်ရုပ်တို့၌ ငြီးငွေ့စိတ်ပျက် မနှစ်သက်သော ဉာဏ်။

(၉) မုဉ္စိတုကမျတာဉာဏ်=ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့မှ လွတ်ခြင်းငှါ အလိုရှိသောဉာဏ်။

(၁၀) ပဋိသင်္ခါဉာဏ်=ရုပ်နာမ်ဓမ္မ သင်္ခါရတရားကို တဖန် လက္ခဏာ ရေး သုံးပါးဖြင့် အပြင်းအထန် အားထုတ်မှုကြောင့် အလွန် ထင်မြင် သော ဉာဏ်။

(၁၁) သင်္ခါရုပေက္ခာဉာဏ်=ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို မချစ် မမုန်း လျစ်လျူရှုသောဉာဏ်။

(၁၂) အနုလောမဉာဏ် = ရှေ့ဉာဏ် နောက်ဉာဏ်ဖြင့် မဂ်အား လျော်သောဉာဏ်။

(၁၃) ဂေါတြဘူဉာဏ်=ပုထုဇဉ်တို့၏ အနွယ်ကိုဖြတ်၍ အရိယာတို့၏ အနွယ်ကို ဖြစ်စေသောဉာဏ်။

(၁၄) မဂ်ဉာဏ်=သဥပါဒိသေသ နိဗ္ဗာန်ကို သိမြင်သောဉာဏ်။

(၁၅) ဖိုလ်ဉာဏ်=သဥပါဒိသေသနိဗ္ဗာန်၏ အကျိုးကို ခံစားသော ဉာဏ်။

(၁၆) ပစ္စဝေက္ခဏာဉာဏ်=မဂ်ကို ဆင်ခြင်ခြင်း၊ ဖိုလ်ကို ဆင်ခြင်ခြင်း၊ နိဗ္ဗာန်ကိုဆင်ခြင်ခြင်း၊ ပယ်ပြီးသော ကိလေသာကို ဆင်ခြင်ခြင်း၊ မပယ် သေးသော ကိလေသာကိုဆင်ခြင်ခြင်း၊ကြွင်းကျန်သောတာပတ္တိမဂ်၌ ပစ္စဝေ- က္ခဏာဉာဏ် ငါးပါးတည်း။

ထိုအတူ သကဒါဂါမိမဂ်၌ ၅-ပါး၊ အနာဂါမိမဂ်၌ ၅-ပါး၊ အရဟတ္တ မဂ် ပုဂ္ဂိုလ်၌မူကား ဆင်ခြင်ရန် ကိလေသာအကြောင်းမရှိသဖြင့် လေးပါး၊ ပေါင်း ပစ္စဝေက္ခဏာဉာဏ် ၁၉-ပါးတည်း။

# ပရမတ္ထရက္ခဒီပနီ ရှုပွယ်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သဘာဝဓမ္မကောသလ္လံ၊ နာထံ သမ္ဗုဒ္ဓပူဇိတံ၊
သဒ္ဓမ္မံ ဂဏမုတ္တမံ၊ ဝန္ဒိတွာဟံ ပဝက္ခာမိ။

နိရင်္ဂဏတ္တာယ ပါဏိနံ၊ ကုလပုတ္တေဟိ ယာစိယ၊
ဩဇာဝန္တံ ရက္ခမုပမံ၊ သာရဘူတဥ္စ ဒီပနိံ။

အဟံ၊ ငါသည်။ သဘာဝဓမ္မကောသလ္လံ၊ အနိစ္စ-ဒုက္ခ-အနတ္တ ဟူသော သာမညသဘော၊ နမန ရုပ္ပနဟူသော သာမညဝိသေသ သဘော၊ ကက္ခဠ ဖုသနစသော ဝိသေသသဘော ရှိကုန်သော ခန္ဓာငါးပါး နာမ်ရုပ်တရားတို့၌ လိမ္မာကျွမ်းကျင် သိမြင်သောသူ၏ အဖြစ်တည်းဟူသော ဉာဏ် ရှိတော်မူထသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူထသော၊ ဝါ၊ ဝေနေယျပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ကိလေသာကို ပူပန်စေတတ် ထသော။ ဗုဒ္ဓဥ္စ၊ သစ္စာလေးခု ငါးခုသော ဉေယျ မြတ်ဓမ္မတို့ကို သူမဆိုအလိုလို သိတော်မူသော မြတ်စွာဘုရားကိုလည်း။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သမ္မာသမ္ဗုဒ္ဓပူဇိတံ၊ ဂေါစရာသေဝန ဘာဝနာ သေဝန၏အစွမ်းဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် ပူဇော်တော်မူအပ်သော။ သဒ္ဓမ္မဥ္စ၊ သူတော်ကောင်းတို့၏တရား ပရမတ္ထအားဖြင့် ထင်ရှားရှိသော ချီးမွမ်းအပ်သော တရားကိုလည်း။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဥတ္တမံ၊ မြတ်သော။ ဝါ၊ ကျော်စောသော ပုထုဇဉ် ပုဂ္ဂိုလ်တို့ ထက် အထူးသဖြင့် ကျော်စောသော။ ဝါ၊ နုတ်အပ်ပြီးသော အဝိဇ္ဇာ ရှိသော။ ဂဏဥ္စ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ် သော ရှစ်ယောက်သော ပရမတ္ထသံဃာတော် အပေါင်းကိုလည်း။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ပါဏိနံ၊ ကိလေသာဟူသော ရန်သူညစ်ကြေးတို့ဖြင့် ရစ်မှေးကွယ်ကာ သံသရာ၌ နစ်မွန်း မြောပါးကုန်သော သတ္တဝါတို့အား။ နိရင်္ဂဏတ္ထာယ၊ ကိလေသာဟူသော ရန်သူညစ်ကြေးမှ ကင်းဝေးစေခြင်းအကျိုးငှာ။ ကုလပုတ္တေဟိ၊ ဇာတိကုလပုတ္တ-အာစာရကုလပုတ္တ ဖြစ်ကုန်သော။ မဟာဥပါသကေဟိ၊ ဆိပ်ခွန်ရွာ ပြာသာဒ်ဒကာ ဦးလူကြီး ဆရာကြီးဦးစံပေါ် ဘုရားဒကာ မောင်ရွှေတုတ်စသော ဥပါသကာအပေါင်းတို့သည်။ ယာစိယ၊ သိမှတ်လိုသ ောင်းပန်ကြ၍။ သြဇာဝန္တံ၊ အပါယ်သံသရာကြီးမှ ကင်းလွတ်၍ သုဂတိချမ်းသာ နိဗ္ဗာန်ချမ်းသာ ဟူသော ချမ်းသာဥဿုံ အလုံးစုံကို ပေးခြင်းငှာ စွမ်းနိုင်ကုန်သည်ဖြစ်၍ သြဇာရှိထသေ ။ ရုက္ခူပမံ၊ သစ်ပင်ကြီးလျှင် ဥပမာရှိသော။ ဝါ၊သစ်ပင်ကြီးနှင့်တူသော ဥပမာရှိသော။ သာရဘူတဉ္စ၊ ပရမတ္ထ အနှစ်သာရဖြစ်၍လည်း ဖြစ်ထသော။ ဒီပနိံ၊ ပရမတ္ထရုက္ခဒီပနီ အမည်ရှိသောကျမ်းကို။ ပ္ပဝက္ခာမိ၊ သိသိသာသာ သေချာခြားနား အပြားအားဖြင့် ဟောကြားပေလတ္တံ့။

ဒီပကေသု အတ္ထသာရံ၊ ဥဒ္ဓရိတွာ ရုက္ခူပမံ။

ပရမတ္ထံ ပကာသေတိ၊ ပရမတ္ထရုက္ခောတိစ။

ဒီပကေသု၊ အစောင်စောင်အထည်ထည် ဒီပနီကျမ်းတို့၌။အတ္ထသာရံ၊ သိမ်မွေ့နက်နဲ ခက်ခဲလှစွာ ဂမ္ဘီရတ္ထ နှစ်သာရကို။ ဥဒ္ဓရိတွာ၊ထုတ်နုတ်ရ၍။ ရုက္ခူပမံ၊ သစ်ပင်ကြီးလျှင် ဥပမာရှိသော။ ပရမတ္ထံ၊ ပရမတ်ဇစ်ခေတ် အနှစ်ကို။ ယသ္မာ၊ အကြင်ကြောင့်။ ပကာသေတိ၊ ပြ၏။ တသ္မာ၊ ထိုကြောင့်။ ပရမတ္ထရုက္ခောတိ စ၊ ပရမတ္ထရုက္ခဒီပနီကျမ်း ဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။

ရုက္ခဿ၊ သစ်ပင်၏။ မူလံ၊ အမြစ်လည်းကောင်း။ သာခါ၊ ပင်စည် ကိုင်းခက် အရွက်လည်းကောင်း။ ပုပ္ဖံ၊ အပွင့်လည်းကောင်း။ ဖလံ၊ အသီးလည်းကောင်း။ ရသော၊ အရသာလည်းကောင်း။ ဣတိ၊ ဤသို့။ပဉ္စ-

ဘာဂါ၊ ငါးဖို့ငါးဖြာ။ ဝိဘဇ္ဇိတဗ္ဗာ ယထာ၊ ဝေဖန်အပ်သကဲ့သို့။ ဧဝ-မေဝ-ဧဝံတထာ၊ ထိုနည်းတူစွာ။

ပရမတ္ထရုက္ခသာ၊ ပရမတ်ပင်၏။ မူလံ၊ အမြစ်လည်းကောင်း။ သာခံ၊ ပင်စည်ကိုင်းခက် အရွက်လည်းကောင်း။ ပုပ္ဖံ၊ အပွင့်လည်းကောင်း။ ဖလံ၊ အသီးလည်းကောင်း။တဿ၊ထိုအသီး၏။ရသော၊အရသာလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စဘာဂါ၊ ငါးဖို့ငါးဖြာ။ ဝိဘဇ္ဇိတဗ္ဗာ၊ ဝေဖန်ပိုင်းခြား မှတ်သားအပ်၏။

သစ်ပင်တို့သည် မြေ-ရေ ၂-ပါးအပေါ်၌ ဖြစ်ထွန်းပေါ်ပေါက်ရသကဲ့သို့ ထိုအတူ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရတို့ကြောင့်ဖြစ်ပေါ်ရ၏၊ တတ္ထ၊ ထိုငါးပါးတို့တွင်။ ကမ္မေန၊ ကုသိုလ်ကံကြောင့်။ ဇာတံ၊ တောက်ထ ဖြစ်ပေါ်လာသော။ အဂ္ဂံ၊ မျိုမျိုသမျှ စားစားသမျှ အစာအာဟာရ ကို ကျေမွနူးနပ် ကျိုချက်လတ်၍ ဓာတ်ကြည် ဓာတ်နှစ် အဆီစစ်သော ဝမ်းမီးသည်။ ပရမတ္ထ ရုက္ခသာ၊ ပရမတ်ပင်၏။ မူလံ၊ အမြစ်မည်၏။

**သတ္တသန္တတိ။** ။စက္ခုသန္တတိ၊ သောတသန္တတိ၊ ဃာနသန္တတိ၊ ဇိဝှါ-သန္တတိ၊ ကာယသန္တတိ၊ ဝတ္ထုသန္တတိ၊ ဘာဝသန္တတိဟု ဆိုအပ်သော ကမ္မဇဓာတ်မီးကြောင့် ဖြစ်ထွန်းပေါ်ပေါက်လာသော ခုနစ်ပါးသော အခိုးလေဓာတ်သည်။ ပရမတ္ထရုက္ခသာ၊ ပရမတ်ပင်၏။ သာခါ၊ ပင်စည်ကိုင်းခက် အရွက်မည်၏။

**ဆဝတ္ထု။** ။စက္ခုဝတ္ထုရုပ်၊ သောတဝတ္ထုရုပ်၊ ဃာနဝတ္ထုရုပ်၊ဇိဝှါဝတ္ထုရုပ်၊ ကာယဝတ္ထုရုပ်၊ဟဒယဝတ္ထုရုပ်ဟု ဆိုအပ်သော ၆-ပါးသောဝတ္ထုတို့သည်။ပရမတ္ထရုက္ခသာ၊ပရမတ်ပင်၏။ ပုပ္ဖံ၊ အပွင့်မည်၏။

**သတ္တဝိညာဏဓာတု။** ။စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာ-ယဝိညာဏဓာတ်၊ မနောဝိညာဏဓာတ်ဟု ဆိုအပ်သော ခုနစ်ပါးသော ဝိညာဏဓာတ်သည်။ ပရမတ္ထ ရုက္ခသာ၊ ပရမတ်ပင်၏။ ဖလံ၊ အသီးမည်၏။

ဆဝေဒနာ။ ။စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတ သမ္ဖဿဇာဝေနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနော သမ္ဖဿဇာဝေဒနာဟုဆိုအပ်သော ၆-ပါး သော ဝေဒနာသည်။ပရမတ္ထရူကခ္ခဿ၊ပရမတ်ပင်၏။ရသော၊အရသာမည်၏။

ပရမတ်ပင်။ ။ကမ္မေန၊ ကုသိုလ်ကံကြောင့်။ဇာတံ၊ တောက်ထဖြစ်ပေါ်လာသော။ အဂ္ဂိ၊ မီးသည်။ ကိံသိမ္ဗိဋ္ဌာနေ၊ အဘယ်အရပ်ဒေသ၌၊ ဌိတံကိံ၊ တည်ပါသနည်း။ နာဘိတော၊ ချက်မှ။ဥပရိ၊အထက်။ ဥဒရိယတော၊ အစာသစ်အိမ်မှ။ အဓော၊ အောက်။ မဇ္ဈေ၊ အလယ်ဖြစ်သော။ နှာရုသမ္ဗန္ဓေ၊ အကြောတို့၏ ပေါင်းဆုံရာအရပ်၌။ ဌိတံ၊ တည်ရှိ၏။

သူရိယတော၊ နေဝန်းမှ။ ဥဒိတံ၊ တက်ထွန်းသော။ ရံသော၊ အရောင်သည်။ အာကာသေ၊ ကောင်းကင်၌။ ဖရတိဣဝ၊ ပျံ့နှံ့သကဲ့သို့။ ကမ္မဇဂ္ဂိတော၊ ကမ္မဇဓာတ်မီးမှ။ ဥဒိတံ၊ တက်ထွန်းသော။ ရသော၊ အရောင်သည်။ကာယေ၊ဒွတ္တိံသကာယ တပြင်လုံး တကောင်လုံး၌။ ဖရတိ၊ ပျံ့နှံ့ပြေးသွား၏။ သတ္တသန္တတိတိဋ္ဌေ၊ သတ္တသန္တတိတိ ဟူသောပုဒ်၌။ ဧဝံ၊ ဤဆိုလတ္တံ့ သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(၁) စက္ခုသန္တတိစ၊ ကမ္မဇဓာတ်မီးအိမ်မှ နှလုံးအိမ်၊ နှလုံးအိမ်မှ မျက်လုံးအိမ်သို့ ရှည်တန်း သွယ်ထားသော အကြောအများ၏အတွင်း၊ အခေါင်းလေလမ်းသို့ တန်းတန်းတက် ထွက်၍နေသော အငွေ့လေဓာတ်လည်းကောင်း။

(၂) သောတသန္တတိစ၊ ကမ္မဇ ဓာတ်မီးအိမ်မှ နှလုံးအိမ်၊ နှလုံးအိမ်မှ နားအိမ်သို့ ရှည်တန်းသွယ်ထားသော အကြောများ၏ အတွင်း၊ အခေါင်းလေလမ်းသို့ တန်းတန်းတက် ထွက်၍နေသော အငွေ့လေဓာတ်လည်းကောင်း။

(၃) ဃာနသန္တတိစ၊ ကမ္မဇဓာတ်မီးအိမ်မှ နှလုံးအိမ်၊ နှလုံးအိမ်မှ နှာခေါင်းအိမ်သို့ ရှည်တန်းသွယ်ထားသော အကြောများ၏ အတွင်း

အခေါင်းလေလမ်းသို့ တန်းတန်းတက် ထွက်၍နေသော အင်္ဂွေလေဓာတ်လည်းကောင်း။

(၄) ဇိဝှါသန္တတိစ၊ ကမ္ဗဇဓာတ်မီးအိမ်မှ နှလုံးအိမ်၊ နှလုံးအိမ်မှ လျှာအိမ်သို့ ရှည်တန်းသွယ်ထားသော အကြောအများ၏ အတွင်းအခေါင်း လေလမ်းသို့ တန်းတန်းတက် ထွက်၍နေသော အင်္ဂွေလေဓာတ်လည်းကောင်း။

(၅) ကာယသန္တတိစ၊တကိုယ်လုံးရှည်တန်းသွယ်ထားသော အကြောအများ၏ အတွင်း အခေါင်း လေလမ်းသို့ တန်းတန်းတက် ထွက်၍နေသော အင်္ဂွေလေဓာတ်,တကိုယ်လုံး ပေါင်းနွေး၍နေသော အင်္ဂွေလေဓာတ်လည်းကောင်း။

(၆) ဝတ္ထုသန္တတိစ၊ကမ္ဗဇဓာတ်မီးအိမ်မှ နှလုံးအိမ်သို့ ရှည်တန်းသွယ်ထားသော အကြောအများ၏ အတွင်းအခေါင်းလေလမ်းသို့ တန်းတန်းတက် ထွက်၍နေသော အင်္ဂွေလေဓာတ်လည်းကောင်း။

(၇) ဘာဝသန္တတိစ၊ တကိုယ်လုံးကိုပေါင်းနွေးလျက် သွေး, သည်းခြေ, လေ, သလိပ်တို့ကို ကြည်လင်စေမှု အထောက်အပံ့ပြုသော အင်္ဂွေလေဓာတ်သည်လည်းကောင်း။

ဣတိ၊ ဤသို့။ သတ္တသန္တတိ၊ ခုနစ်ပါးသောအစဉ် ခုနစ်မျှင်သော အင်္ဂွေလေဓာတ်တို့ကို။ ဝိညေယျာ၊ သိသင့်လှ၏။ (ခုနစ်ပါးသော အစဉ်လေဓာတ်)။

ဆဝတ္ထုတိဝေ၊ ဆဝတ္ထုဟူသော ပါဠိရပ်၌။ ဝေ၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

(၁) စက္ခုဝတ္ထုစ၊ မြေ-ရေ-လေ-မီး-အဆင်း-အနံ့-အရသာ-ဩဇာ-ဇီဝိတ-စက္ခုပသာဒဟု ရုပ်ဆယ်ခုအတွင်းတွင် အကျုံးဝင်သော စက္ခုပသာဒ ခေါ်သော စက္ခုဝတ္ထုလည်းကောင်း။

(၂) သောတ ဝတ္ထုရုပ်၊ မြေ ရေ လေ မီး အဆင်း အနံ့ အရသာ ဩဇာ ဇီဝိတ သောတပသာဒဟု ရုပ်ဆယ်ခုအတွင်းတွင် အကျုံးဝင်သော သောတပသာဒခေါ်သော သောတဝတ္ထုရုပ်လည်းကောင်း။

(၃) ဃာနဝတ္ထုရုပ်၊ မြေ ရေ လေ မီး။ပ။ ဇီဝိတ ဃာန ပသာဒ ရုပ်ဟု ဆယ်ခုအတွင်းတွင် အကျုံးဝင်သော ဃာနပသာဒခေါ်သော ဃာနဝတ္ထုရုပ် လည်းကောင်း။

(၄) ဇိဝှါဝတ္ထုရုပ်၊ မြေ ရေ ။ပ။ ဇီဝိတ ဇိဝှါပသာဒဟု ရုပ်ဆယ်ခု အတွင်းတွင် အကျုံးဝင်သော ဇိဝှါပသာဒခေါ်သော ဇိဝှါဝတ္ထုရုပ်သည် လည်းကောင်း။

(၅) ကာယဝတ္ထုရုပ်၊ မြေ ရေ။ပ။ ဇီဝိတကာယပသာဒဟု ရုပ်ဆယ်ခု အတွင်းတွင် အကျုံးဝင်သော ကာယပသာဒခေါ်သော ကာယဝတ္ထုရုပ် လည်းကောင်း။

(၆) ဟဒယဝတ္ထုရုပ်၊မြေ ရေ။ပ။ ဇီဝိတဟဒယရုပ်ဆယ်ခုအတွင်းတွင် အကျုံးဝင်သော ဟဒယရုပ်ခေါ်သော ဟဒယဝတ္ထုရုပ် လည်းကောင်း။

ဤတိ၊ ဤသို့။ ဆဝတ္ထုယော၊ ခြောက်ပါးသော အစဉ်၊ ခြောက်မျိုး သော အမွေ့လေဓာတ်တို့၏ အတွင်း ကလင်းလင်း ထထိန်ထိန် တရှိန်ရှိန် ဖြစ်ပျက်၍နေသော ခြောက်ပါးသောဝတ္ထုရုပ်တို့ကို။ ဝိဒေယျာ၊ သိရာ၏။

ဒွတ္တိံသ ကာယဗန္ဓရေ၊ ဆံပင် မွေးညင်း ခြေသည်း လက်သည်း သွား အရေ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာ ဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်ဟုဆိုအပ်သော ၃၂-ပါးသော ဒွတ္တိံသကာယအတွင်း၌။ ဆဝတ္ထုယော၊ ခြောက်ပါး သောဝတ္ထုရုပ်တို့ကို။ န ဝိဒေယျာ၊ ဆောင်နှောစပ်ယှက်သောအားဖြင့် မသိရာ။

## ဝတ္ထုရုပ်(၆) ပါး

သတ္တဝိညာဏဓာတုတိ ဧတ္ထ၊ သတ္တဝိညာဏဓာတု ဟူသော ပုဒ်၌။ ဇေ၊ ဤသို့ဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(၁) စက္ခုဝိညာဏဓာတုစ၊ ကြက်ဥအတွင်းမှ ပေါက်ဖွား ပေါ်ထွက် လာသော ကြက်သူငယ်ကဲ့သို့ စက္ခုဝတ္ထုရုပ် အတွင်းမှ ပေါက်ဖွားပေါ် ထွက်လာသော စက္ခုဝိညာဏဓာတ်လည်းကောင်း။

(၂) သောတဝိညာဏဓာတုစ၊ တိမ်ခိုးတိမ်တိုက်အတွင်းမှ ပေါက်ဖွား ပေါ်ထွက်လာသော လျှပ်ရောင်ကဲ့သို့ သောတဝတ္ထုရုပ်ခေါ်သော အခိုး အငွေ့လေဓာတ်၏အတွင်းမှ ပေါက်ဖွား ပေါ်ထွက်လာသော သောတ ဝိညာဏဓာတ်လည်းကောင်း။

(၃) ဃာနဝိညာဏဓာတုစ၊တိမ်ခိုး တိမ်တိုက်၏အတွင်းမှ ပေါက်ဖွား ပေါ်ထွက်လာသော လျှပ်ရောင်ကဲ့သို့ ဃာနဝတ္ထုရုပ်ခေါ်သော အခိုး အငွေ့ လေဓာတ်၏အတွင်းမှ ပေါက်ဖွားပေါ်ထွက်လာသော ဃာန-ဝိညာဏဓာတ်လည်းကောင်း။

(၄) ဇိဝှါဝိညာဏဓာတုစ၊တိမ်ခိုးတိမ်တိုက်အတွင်းမှပေါက်ဖွားသော လျှပ်ရောင်ကဲ့သို့ ဇိဝှါဝတ္ထုရုပ်ခေါ်သောအခိုးအငွေ့ လေဓာတ်၏အတွင်းမှ ပေါက်ဖွားပေါ်ထွက်၍လာသော ဇိဝှါဝိညာဏဓာတ်လည်းကောင်း။

(၅) ကာယဝိညာဏဓာတုစ၊ မှန်အပြင်၌ထင်လာသော မျက်နှာရိပ် ကဲ့သို့ ကာယပသာဒခေါ်သော ကာယဝတ္ထုရုပ်အတွင်း၌ ထင်လာသော ကာယဝိညာဏဓာတ်လည်းကောင်း။

(၆) မနောဓာတု မနောဝိညာဏဓာတုစ၊ ကြက်ဥအတွင်းမှ ပေါက် ဖွားပေါ်ထွက်လာသော ကြက်သူငယ်ကဲ့သို့ ဟဒယဝတ္ထုရုပ်အတွင်းမှ ပေါက်ဖွားပေါ်ထွက်လာသော မနောဓာတ် မနောဝိညာဏဓာတ်လည်း ကောင်း။

(တနည်းကား) မနောဓာတု–မနောဝိညာဏဓာတုစ၊ နှလုံးအိမ်အတွင်း နှလုံးသွေး၏ အထက်အပြင်၌ စီစီတ ကျ်၍ ဖြစ်ပေါ်သော နှလုံးသွေးပွက်ခေါ်သော ဟဒယဝတ္ထုရုပ်မှ ပေါက်ဖွားပေါ်ထွက်လာသော မနောဓာတ် မနောဝိညာဏဓာတ်လည်းကောင်း။

(တနည်းကား) မနောဓာတု မနောဝိညာဏဓာတုစ၊ တိမ်ခိုးတိမ်တိုက်အတွင်းမှ ပေါက်ဖွားပေါ်ထွက်လာသော လျှပ်ရောင်ကဲ့သို့ နှလုံးအိမ်အတွင်း နှလုံးသွေးခိုး၊ နှလုံးသွေးခိုး၏အတွင်း ဟဒယဝတ္ထုမှ ပေါက်ဖွားပေါ်ထွက်လာသော မနောဓာတ် မနောဝိညာဏဓာတ်လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တဝိညာဏဓာတုယော၊ အခိုးအငွေ့လေဓာတ်တို့၏ အတွင်း၌ တလင်းလင်းတထိန်ထိန် တရှိန်ရှိန်, တောက်ပ ပေါ်ထွက်၍နေသော သတ္တဝိညာဏဓာတ်တို့ကို။ ဝိညေယျာ၊ သိအပ်လှ၏။

## သတ္တဝိညာဏဓာတ် ၇ ပါး

မြေ့,ရေ့,လေ့,မီး အဆင်းအနံ့ အရသာ ဩဇာ ဇီဝိတရုပ်၊ ၎င်း ၉-ပါး သောရုပ်ကို ဇီဝိတနဝ ကလာပ်ခေါ်သည်။ စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ်၊ပေါင်း အကြည်ပသာဒရုပ်မျိုး ငါးပါး။ ဣတ္ထိဘာဝရုပ်၊ ပုံးဘာဝရုပ်၊ ပေါင်း ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ အသံ သဒ္ဒရုပ်တပါး၊ ပေါင်း ၁၈-ပါး သောရုပ်တရားတို့သည် သန္တတိခေါ်သော အငွေ့ လေဓာတ်၏အတွင်းမှာ ရအောင်ယူ။

ပရိစ္ဆေဒရုပ်-၁၊ ကာယဝိညတ်ရုပ်-၁၊ ဝစီဝိညတ်ရုပ်-၁၊ လဟုတာရုပ်-၁၊ မုဒုတာရုပ်-၁၊ ကမ္မညတာရုပ်-၁၊ ဥပစယရုပ်-၁၊ သန္တတိရုပ်-၁၊ ဇရတာရုပ်-၁၊ အနိစ္စတာရုပ်-၁၊ အနိပ္ဖန္နရုပ်-၁၀။ နိပ္ဖန္နရုပ်-၁၈၊ပေါင်း ၂၈-ပါး။ ရုပ်ပေါင်း ၂၈-ပါး၊ ရူပက္ခန္ဓာ။

ဆဝေဒနာတိကဣ၊ ဆဝေဒနာဟူသောပုဒ်၌။ဝေ၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(၁) စက္ခုသမ္ဖဿဇာဝေဒနာ၊ မျက်လုံးအိမ်အငွေ့ လေဓာတ်၏အတွင်း ရူပဓာတ်၊ စက္ခုဓာတ်၊ စက္ခုဝိညာဏဓာတ်၊ ၎င်းဓာတ် ၃-ပါးတို့၏ တပါးနှင့် တပါး ထိပါးတိုက်ခိုက်မှုကြောင့် သာယာမှု မသာယာမှုဟူသော ဝေဒနာ ဓာတ် ၂-ပါး ပေါ်ထွက်ခြင်းလည်းကောင်း။

(၂) သောတသမ္ဖဿဇာဝေဒနာ၊ နားအိမ်အငွေ့ လေဓာတ်၏အတွင်း သဒ္ဒဓာတ်၊ သောတဓာတ်၊ သောတဝိညာဏဓာတ်၊ ၎င်းဓာတ် သုံးပါးတို့၏ တပါးနှင့်တပါး ထိပါးတိုက်ခိုက်မှုကြောင့် သာယာခြင်း မသာယာခြင်းဟူသော ဝေဒနာဓာတ် ၂-ပါး ပေါက်ဖွားပေါ်ထွက်ခြင်း လည်းကောင်း

(၃) ဃာနသမ္ဖဿဇာဝေဒနာ၊ နှာခေါင်းအိမ်အငွေ့ လေဓာတ်၏ အတွင်း ဂန္ဓဓာတ်၊ ဃာနဓာတ်၊ ဃာနဝိညာဏဓာတ် ၎င်းဓာတ် ၃ ပါးတို့၏ တပါးနှင့်တပါး ထိပါးတိုက်ခိုက်မှုကြောင့် သာယာခြင်း မသာယာခြင်းဟူသော ဝေဒနာ ၂-ပါး ပေါက်ဖွားပေါ်ထွက်ခြင်းလည်း ကောင်း။

(၄) ဇိဝှါသမ္ဖဿဇာဝေဒနာ၊ လျှာအိမ်အငွေ့ လေဓာတ်၏အတွင်း၌ ရသာဓာတ်၊ ဇိဝှါဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ၎င်းဓာတ် ၃-ပါးတို့၏ တပါးနှင့်တပါး ထိပါးတိုက်ခိုက်မှုကြောင့် သာယာမှု မသာယာမှုဟူသော ဝေဒနာဓာတ် ၂-ပါး ပေါက်ဖွား ပေါ်ထွက်ခြင်းလည်းကောင်း

(၅) ကာယသမ္ဖဿဇာဝေဒနာ၊ ကိုယ်ကာယ အငွေ့ လေဓာတ်၏ အတွင်း ဖောဋ္ဌဗ္ဗဓာတ်၊ ကာယဓာတ်၊ ကာယဝိညာဏဓာတ်၊ ၎င်းဓာတ် ၃-ပါး တို့၏ တပါးနှင့်တပါး ထိပါးတိုက်ခိုက်မှုကြောင့် ခံသာမှု မခံသာမှု၊ သာ ယာမှု မသာယာမှုဟူသော ဝေဒနာဓာတ် ၄-ပါးတို့၏ ပေါက်ဖွားပေါ်ထွက် ခြင်း လည်းကောင်း။

(၆) မနောသမ္ဖဿဇာဝေဒနာ၊ နှလုံးအိမ်အငွေ့ လေဓာတ်၏အတွင်း မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်၊ ၎င်းဓာတ် ၃-ပါးတို့၏ တပါး

နှင့် တပါး ထိပါးတိုက်ခိုက်မှု ဟူသော အကြောင်းကြောင့် သာယာခြင်း မသာယာခြင်း၊ လျစ်လျူရှုခြင်းဟူသော ဝေဒနာဓာတ် ၃-ပါး ပေါက်ဖွား ပေါ် တက်ခြင်းလည်းကောင်း။

ဣတိ၊ ဤသို့။ ဆသုဌာနေသု၊ ၆-ပါးသော ဌာနတို့၌။ ဝိသတိ၊ နှစ်ဆယ်သော ဝေဒနာဓာတ်တို့ကို။ ဝိညေယျာ၊ သိသင့်လှ၏၊ သိထိုက်လှ၏၊ သိကြပါလေ။

**ဆောင်။** ။မသိနေက၊ လူအန္ဓ၊ လေးဝပါယ်အစာ။

တတ်တတ်သိက၊ ကလျာဏ၊ လွတ်စွာ ပါယ်လေးရွာ။

မျက်လုံးအိမ်-၁၊ မျက်သားလုံးကြီး-၁၊ ၎င်းမျက်လုံးကြီးအတွင်း သန္တတိခေါ်သော အဋ္ဌေလေဓာတ်-၁၊ ၎င်းအဋ္ဌေလေဓာတ်အတွင်း စက္ခုပသာဒခေါ်သော ကမ္မဇအကြည်ဓာတ်မှန်-၁၊ ၎င်းကမ္မဇအကြည်ဓာတ်မှန် အပြင်၌ ထင်ပေါ်လာသော ရူပါရုံ၊ ၎င်းရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်-၁၊ ၎င်းရူပါရုံကို သာယာတတ် မသာယာတတ်သော ဝေဒနာမှု-၁၊ သောတစသည်တို့၌လည်း ၎င်းနည်းတူပင် သိလေ။

**တနည်းဆိုမူ—** မျက်လုံးသည် အသားမျက်လုံး၊ အဋ္ဌေမျက်လုံး၊ အကြည်မျက်လုံး၊ အသိမျက်လုံးဟု လေးလုံးရှိ၏။ ထိုလေးလုံးတို့တွင် အကြည်မျက်လုံးသည် ရူပက္ခန္ဓာမည်၏။ အသိမျက်လုံးသည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဟု ခန္ဓာလေးပါးရ၏။ နာမ်ခန္ဓာလေးဝမည်၏။ ရုပ်ခန္ဓာတပါး၊ နာမ်ခန္ဓာလေးပါး နှစ်ခုစပ် ခန္ဓာ ၅-ပါးဖြစ်၏။ မသိလျှင်ရုပ်၊ သိလျှင်နာမ်၊ ခန္ဓာငါးရပ် ခွဲဝေမှတ်။

၁။ ရူပါရုံသည် စက္ခုအကြည် မနောအကြည်နှစ်ပါး၌ မှန်အပြင်၌ မျက်နှာရိပ် ထင်ပေါ်သကဲ့သို့ ထင်ပေါ်လာ၏။

၂။ သဒ္ဒါရုံ အသံဓာတ်သည် သောတ အကြည်တည်းဟူသော ဋ္ဌေမှန် နှလုံးအိမ်အတွင်း ဘဝင်ခေါ်သော မနောအကြည်ဟူသော နောက်မှန်၊ ၎င်းမှန် ၂-ပါး၌ ထင်ပေါ်လာ၏။

## ပရမတ္ထရုက္ခဒီပနီ ရှုဖွယ်ကျမ်း

၃။ ဂန္ဓာရုံ အနံ့ဓာတ်သည် ဃာနအကြည် မနောအကြည်ဟူသော ရွှေမှုန်နှောက်မှုန် ၂-ပါး၌ ထင်ပေါ်လာ၏။

၄။ ရသာရုံသည် ဇိဝှါအကြည် မနောအကြည် ၂-ပါး၌ ထိခိုက် ထင်ပေါ်လာ၏။

၅။ အပူအအေး အကြမ်းအနုဟူသော ဖောဋ္ဌဗ္ဗာရုံသည် ကာယ အကြည် မနောအကြည် ၂-ပါး၌ ထိခိုက်ထင်ပေါ်လာ၏။

၆။ ဓမ္မာရုံသည် မနောအကြည်သက်သက် တပါးတည်း၌သာ ထင် ပေါ်လာ၏၊

ပရမတ္ထရုက္ခဒီပနီ ရှုဖွယ်ကျမ်းပြီး၏။

# သဏ္ဍာနုပကာသနီ ရှုဖွယ်ကျမ်း

ဆောင်။ ။ပ-အာ-ဝါ-တေ၊ မြေ-ရေ-လေ-မီး၊ လွန်ပွားစီး၊ ဘုတ်ကြီး
စတုက္က။

ပထဝီဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်၊ တေဇောဓာတ်-ဟု ဘုတ်ရုပ်ကြီး ၄-ပါး။

မြန်မာဘာသာအားဖြင့် မြေ့၊ရေ့၊လေ့၊မီး-ဟု ခေါ်ဆိုကြ၏။

ဆောင်။ ။နူးညံ့ခက်မာ၊ လက္ခဏာ၊ နှစ်ဖြာမြေဓာတ်စစ်။
ဖွဲ့စေးစီးယို၊ နှစ်ပါးကို၊ ခေါ်ဆို ရေဓာတ်စစ်။
ပူမှုအေးမှု၊ ဤနှစ်ခု၊ ခေါ်မှု မီးဓာတ်စစ်။
ထောက်ကန် ရွေ့ရှား၊ ဤနှစ်ပါး၊ ခေါ်ငြားလေဓာတ်စစ်။
စက်၊သော၊ဃာ၊ဇိ၊ တာ၊ငါးလီ၊ အကြည်ပသာဒ။

စက္ခုပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယ-ပသာဒရုပ်-ဟု ပသာဒရုပ်ငါးပါး။

ဆောင်။ ။ရူ၊သဒ်၊ ဂန်၊ ရံ၊ ဖောဋ္ဌဗ္ဗံ၊ ငါးတန်ဂေါစရ။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ-ဟု ဂေါစရရုပ်
၇ ပါး။

ဆောင်။ ။ဣတ္ထိပုမ၊ ဘာဝနှစ်တန်၊ ဟဒယံ၊ တဖန်ဇီဝိတာ။

ဣတ္ထိဘာဝရုပ် ၁၊ ပုရိသဘာဝရုပ် ၁၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁၊ ဇီဝိတရုပ် ၁။

ဆောင်။ ။ကဗဠီကာ၊ ရုပ်ဩဇာ၊ သင်္ချာဆယ့်ရှစ်ရ။

ဘူတရုပ် ၄၊ ပသာဒရုပ် ၅၊ ဂေါစရရုပ် ၄၊ ဘာဝရုပ် ၂၊ ဟဒယရုပ် ၁၊ ဇီဝိတရုပ် ၁၊ အာဟာရရုပ် ၁-ပါး ပေါင်း နိပ္ဖန္နရုပ် ၁၈-ပါး။

**ဆောင်။** ။ကြောင်းစတုကြောင့်၊ ဖြစ်မှုမပါလော၊ သဘောသီးသီး၊ ကိုယ်စီပြီး၊ ရုပ်ကြီးနိပ္ဖန္န။

ကသာပ်ခြားမျှ၊ အာကာသတည်း၊ ကာယဝစီ၊ နှစ်လီကိုယ်နှုတ်၊ လှုပ်မှုရှားမှု၊ နှစ်ခုဝိညတ်၊ ရူပဿလဟု၊ မုဒုကမ္မည၊ ဝိကာရတေး၊ လေးလက္ခဏ၊ ရုပ်ဆယ်တန်၊ အမှန် အနိပ္ဖန္နတည်း။

ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ်ဟု ဝိညတ်ရုပ် ၂-ပါး လဟုတာရုပ်, မုဒုတာရုပ်, ကမ္မညတာရုပ်ဟု ဝိကာရရုပ် ၃-ပါး၊ ဥပစယရုပ်, သန္တတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ်ဟု လက္ခဏရုပ် လေးပါး၊ ပေါင်း အနိပ္ဖန္နရုပ် ၁၀-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါး၊ ၎င်း ၂-ရုပ်ပေါင်း ၂၈-ပါး။

ထို ၂၈-ပါးသော ရုပ်တရားတို့တွင် တပါးတပါးသော ရုပ်တရား၌ ၇-ပါးသော ဉာဏ်အချက်ကို ထင်လင်းသိမြင်က နိဗ္ဗာန်ခွင် အောင်နန်းသို့ စခန်းသင့်ရောက်စေရန် ရည်သန်သောစိတ်ဖြင့် ၇-ပါးဉာဏ်အစဉ်ရှိသော် **သတ္တဋ္ဌာနပကာသနီရှုဖွယ်ကျမ်း**ကို ရေးသားစီရင်ပေအံ့။

သတ္တဋ္ဌာနကုသလော ဘိက္ခဝေ ဘိက္ခု တိဝိဓုပရိက္ခီ၊ ဣမသ္မိံ ဓမ္မဝိနယေ ကေဝလီ ဝုသိတာ ဝါ၊ ဥတ္တမပုရိသောတိ ဝုစ္စတိ၊ ကထဉ္စ ဘိက္ခဝေ ဘိက္ခု သတ္တဋ္ဌာနကုသလော ဟောတိ။

၁။ ဣဓ ဘိက္ခဝေ ဘိက္ခု ရူပံ ပဇာနာတိ၊

၂။ ရူပသမုဒယံ ပဇာနာတိ၊

၃။ ရူပနိရောဓံ ပဇာနာတိ၊

၄။ ရူပနိရောဓဂါမိနိပဋိပဒံ ပဇာနာတိ၊

၅။ ရူပဿ အဿာဒံ ပဇာနာတိ၊

၆။ ရူပဿ အာဒီနဝံ ပဇာနာတိ၊

၇။ ရူပဿ နိဿရဏံ ပဇာနာတိ၊

၁။ ကတမဉ္စ ဘိက္ခဝေ ရူပံ၊ စတ္တာရော မဟာဘူတာ၊ စတုန္နဉ္စ မဟာဘူတာနံ၊ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ၊

၂။ အာဟာရသမုဒယာ ရူပသမုဒယော၊

၃။ အာဟာရနိရောဓာ ရူပနိရောဓော၊

၄။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ရူပနိရောဓဂါမိနီ-ပဋိပဒါ၊ သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ၊

၅။ ယံ ရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ၊ သုခံ သောမနဿံ၊ အယံ ရူပဿ အဿာဒေါ၊

၆။ ယံ ရူပံ၊ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီန-ဝေါ၊

၇။ ယော ရူပသ္မိံ၊ ဆန္ဒရာဂဝိနယော၊ ဆန္ဒရာဂပဟာနံ၊ ဣဒံ ရူပဿ နိဿရဏံ၊

ဉာဏ်အချက် ၇-ဌာနနှင့်တကွ ရူပက္ခန္ဓာ ပြီး၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တဋ္ဌာနကုသလော၊ ခုနစ်ဌာန၌ လိမ္မာသော။ တိဝိဓူပပရိက္ခီ၊ သုံးပါးသောအပြားကို စုံစမ်းဆင်ခြင်လေ့ရှိသော။ ဘိက္ခု၊ မျှပ်ဘေးကို မျှော်တွေးမြင်သူ ရှင်လူအပေါင်းသည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသဗ္ဗညုသာသနာ၌။ ကေဝလီ၊ ပြီးစီးပြည့်စုံ လုံလောက်သော။ ဝုသိတ-ဝါ၊ သည်မှ အထက်သို့တက်၍ ကျင့်သုံးဖွယ်မရှိသော။ ဝါ၊ သည်တခါပြင် အကျင့်ခုင်သို့ ဝင်ဖွယ်ကိစ္စမရှိသော။ ဥတ္တမပုရိသောတိ၊ အမြတ်ခေါင်ဖျား ယောကျ်ားအာဇာနည် ဟူ၍။ ဝုစ္စတိ၊ ဆိုသင့် ဆိုထိုက်လှ၏။ ဘိက္ခဝေ၊

ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ကထဉ္စ၊ အဘယ်သို့လျှင်။ သတ္တဌာန-ကုသလော၊ ခုနစ်ဌာန၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်သနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ဘိက္ခု၊ ရဟန်းသည်။

(၁) ရူပံ၊ ရုပ်တရားကို။ ပဇာနာတိ၊ အဟုတ်သိ၏။

(၂) ရူပသမုဒယံ၊ ရုပ်ဖြစ်ပွားခြင်း၏ အကြောင်းတရားကို။ ပဇာ-နာတိ၊ အဟုတ်သိ၏။

(၃) ရူပနိရောဓံ၊ ရုပ်၏ချုပ်ဆုံးခွင့်ကို။ ပဇာနာတိ၊ အဟုတ်သိ၏။

(၄) ရူပနိရောဓဂါမိနိပဋိပဒံ၊ ရုပ်၏ ချုပ်ဆုံးခြင်းသို့ ဆိုက်ရောက်စေတတ်သော အကျင့်မျိုးကို။ ပဇာနာတိ၊ အဟုတ်သိ၏။

(၅) ရူပဿ၊ ရုပ်တရား၏။ အဿာဒံ၊ သာယာဖွယ်ကို။ ပဇာနာတိ၊ အဟုတ်သိ၏။

(၆) ရူပဿ၊ ရုပ်တရား၏။ အာဒီနဝံ၊ ကြောက်မက်ဖွယ်သောဘေးကို။ ပဇာနာတိ၊ အဟုတ်သိ၏။

(၇) ရူပဿ၊ ရုပ်တရား၏။ နိဿရဏံ၊ ကျွတ်လွတ်ခွင့်ကို။ ပဇာနာတိ၊ အဟုတ်သိ၏။

(၁) ဘိက္ခဝေ၊ ရဟန်းတို့။ ကတမဉ္စ၊ အဘယ်တရားသည်လျှင်။ ရူပံ၊ ရုပ်မည်သနည်း။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာစ၊ ရေမြေလေမီး ဘုတ်ရုပ်ကြီး လေးပါးတို့သည် လည်းကောင်း။ စတုန္နံ မဟာဘူတာနံ၊ မြေရေလေမီး ဘုတ်ရုပ်ကြီး လေးပါးတို့ကို။ ဥပါဒါယ ရူပဉ္စ၊ စွဲမှေးကြောင်းမှီတွယ် ရုပ်ငယ် (၂၄) သည်လည်းကောင်း။ ဣဒံ၊ ဤ ၂၈-ပါးသောအစုကို။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၂) အာဟာရသမုဒယာ၊ ကိုယ်တွင်း၌ အာဟာရ ဓာတ်ဆီ သြဇာ တိုးတက်၍ နေသည်ရှိသော်။ ရူပသမုဒယော၊ ရုပ်တရားတို့ ဖြစ်ပွားတိုးတက်၍နေသည်။ ဟောတိ၊ ဖြစ်၏။

(၃) အာဟာရနိရောဓာ၊ အာဟာရဓာတ်ဆီဩဇာ ချုပ်ဆုံးကုန်ခန်းခဲ့သည်ရှိသော်။ ရူပနိရောဓော၊ ရုပ်တရားတို့၏ ချုပ်ဆုံးကုန်ခန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

(၄) အရိယော၊ မြူစင်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ အယမေဝ မဂ္ဂေါ၊ ဤငါဘုရား၏သာသနာတော် တည်းဟူသော မဂ်တရားသည်သာလျှင်။ ရူပနိရောဓဂါမိနီပဋိပဒါ၊ ရုပ်၏ ချုပ်ငြိမ်းရာ စခန်းသို့ ဆိုက်စေတတ်သော အကျင့်တရားတည်း။

သေယျထိဒံ၊ အဘယ်အင်္ဂါရှစ်ပါးနည်း ဟူမူကား။ သမ္မာဒိဋ္ဌိ၊ ရုပ်၌ အလင်းပေါက်သော ဉာဏ်လည်းတပါး၊ သမ္မာသင်္ကပ္ပေါ၊ ရုပ်၌အချုက် မိအောင် ကြံဖန်သော သမ္မာသင်္ကပ္ပလည်း တပါး။ သမ္မာဝါစာ၊ သမ္မာ-ဝါစာလည်း တပါး။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တလည်းတပါး။ သမ္မာ-အာဇီဝေါ၊ သမ္မာအာဇီဝလည်း တပါး။ သမ္မာဝါယာမော၊ သမ္မာဝါယာမလည်း တပါး။ သမ္မာသတိ၊ သမ္မာသတိလည်း တပါး။ သမ္မာသမာဓိ၊ သမ္မာသမာဓိလည်း တပါး။ အယံ၊ ဤသည်ကား။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါး ရှိသော။ မဂ္ဂေါ၊ မဂ်တည်း။

(၅) ရူပံ၊ ရုပ်ကို။ ပဋိစ္စ၊ စွဲ၍။ ယံ သုခံ၊ အကြင်ကိုယ်၏ ချမ်းသာခြင်းသည်လည်းကောင်း။ ယံ သောမနဿံ၊ အကြင်စိတ်၏ ကြည်လင်ရွှင်လန်း ချမ်းသာဝမ်းမြောက်ခြင်းသည်လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသုခသောမနဿသည်။ ရူပဿ၊ ရုပ်၏။ အဿာဒေါ၊ သာယာဖွယ်ပေတည်း။

(၆) ရူပဿ၊ ရုပ်၏။ ယံ အနိစ္စံ၊ အကြင်အနိစ္စမှုသည်။ ယံ ဒုက္ခံ၊ အကြင်ဒုက္ခမှုသည်။ ယံ ဝိပရိဏာမဓမ္မံ၊ အကြင်ဖရိုဖရဲ ဖောက်လှဲဖောက်ပြန်ဖြစ်မှုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ ရူပဿ၊ ရုပ်၏။ အာဒီနဝေါ၊ ကြောက်မက်ဖွယ်သော ဘေးတည်း။

(၇) ရူပသို့၊ ရုပ်တရား၌။ ယော ဆန္ဒရာဂဝိနယော၊ အကြင်တောင့်တတတ်စွမ်းမှုကို ပယ်ဖျောက်ခြင်းသည်။ ယံ ဆန္ဒရာဂပဟာနံ၊ အကြင်တောင့်တ တတ်စွမ်းမှုကို ပယ်စွန့်ခြင်းသည်။ ဒ္ဓတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤအမှုသည်။ ရူပဿ၊ ရုပ်၏။ နိဿရဏံ၊ ကျွတ်လွတ်မှုပေတည်း။

အနက်ပြီး၏။

ရုပ်၊ ၂၈-ပါးသော ရုပ်တရားကို။ ပဇာနာတိ၊ အဟုတ်သိ၏ မြင်၏။ ဝါ၊ ပုဂ္ဂိုလ်သတ္တဝါ ဝါသူဘပါး ယောကျ်ားမိန်းမ ပျောက်အောင် မြင်၏။ ဝါ၊ ၂၈-ပါးသော ရုပ်စု ရုပ်ခဲကိုပင်လျှင် ပုဂ္ဂိုလ်ဟူ၍ ထင်ကြ မြင်ကြ ပြောကြဆိုကြ ခေါ်ဝေါ်ကြပါဘကား, သတ္တဝါဟူ၍ ငါဟူ၍ သူတပါးဟူ၍ ယောကျ်ားဟူ၍ မိန်းမဟူ၍ ထင်ကြ မြင်ကြ ပြောကြ ဆိုကြ ခေါ်ဝေါ်သမုတ်ကြ ပါတတ်ားဟု အဟုတ်ထင်ထင် သိမြင်၏ ဟူသော ပထမဌာန၌၊ ဓာတ်ကြီးလေးပါး၊ ဘုတ်ရုပ်ကြီး လေးပါးတို့၏ သဘော လက္ခဏာကို အဟုတ်သိအပ်၏။

**အဟုတ်သိပုံကား။** ။တခုသောလက်ဖြင့် တခုသော လက်မောင်းကို စမ်းသပ်လျှင် နူးညံ့၏၊ ခက်မာ၏၊ ဤနူးညံ့မှု ခက်မာမှုသည် ပရမတ်မြေဓာတ် အစစ်တည်းဟု သိ၏။ ဤနူးညံ့မှု ခက်မာမှုသည် ရေဓာတ်၏အမှုလည်း မဟုတ်။ ရေဓာတ်၏ အမှုကား ဖွဲ့စည်းမှု ကပ်စည်းမှုသာတည်း၊ ဤနူးညံ့မှု ခက်မာမှုသည် တေဇောဓာတ်မှုသည်း မဟုတ်၊ တေဇောဓာတ်မှုကား ပူမှုအေးမှုသာတည်း။ ဤနူးညံ့မှု ခက်မာမှုသည် ဝါယောမှုလည်းမဟုတ်။ ဝါယောမှုကား ထောက်ကန်ဟောင့်တင်းမှု ရွေ့ရှားမှုသာတည်း။ ဤနူးညံ့မှု ခက်မာမှုကား ပရမတ်မြေဓာတ်သဘောတည်းဟု မြေဓာတ်တခုတည်းကိုသာ ကွက်ခြား၍ သိခြင်းသည် ပသဝီဘုတ်ရုပ်ကို အဟုတ်သိဆိုရ၏။

**မဟုတ်သိပုံကား။** ။ဤ လက်မောင်းသည် နူးညံ့၏၊ ခက်မာ၏ဟု သိမှုကား မဟုတ်သိတည်း။ ဒိဋ္ဌိသိတည်း။ သက္ကာယဒိဋ္ဌိသိတည်း။ အဘယ်ကြောင့်နည်းဆိုသော် ဤလက်မောင်း၌ မြေဓာတ်

နှင့်တကွ ဓာတ်ခုနစ်ပါးကို ရုပ်သိမ်းနုတ်ယူလိုက်လျှင် လက်မောင်းဟူသော အမည်နာမပညတ်မျှသာ ကျန်ရှိလေသောကြောင့်တည်း။ ၎င်းလက်မောင်းဟူသော အမည်နာမပညတ်၌ ဖောက်ပြန်မှုလည်းမရှိ။ ပြောင်းလဲမှုလည်းမရှိ၊ ပြိုကွဲမှုလည်းမရှိ၊ အိုမှုလည်းမရှိ၊ ပထဝီဓာတ်နှင့်တကွ ခုနစ်ပါးသော ရုပ်တရားတို့၌သာ ဖောက်ပြန်မှုရှိ၏၊ ပြောင်းလဲမှုရှိ၏၊ ပြိုကွဲမှုရှိ၏၊ အိုမှုလည်းရှိ၏၊ ဤသို့ ဖောက်ပြန်ပြောင်းလဲ ပြိုကွဲမှုရှိသော ပထဝီဓာတ်နှင့်တကွ ရုပ်ခုနစ်ပါးကိုရုပ်ဟူ၍မသိ လက်မောင်းဟူ၍သိသောကြောင့် မဟုတ်သိ၊ မဟုတ်သိ၊ ဒိဋ္ဌိသိ ဆိုပေသည်။ ဒိဋ္ဌိသို့ ဆိုသည်ကား အမှန်သိမဟုတ် အမှားသိတည်း။

**အမှားသိ ဆိုသည်ကား။** ။ဤလက်မောင်းသည် နူးညံ့၏၊ ခက်မာ၏ဟု မှတ်ထင်သိမြင်ခဲ့သော် ဇေဓာတ်လည်းနူးညံ့၏၊ ခက်မာ၏၊ မီးဓာတ် လေဓာတ် အဆင်းဓာတ် အနံ့ဓာတ် အရသာဓာတ် ဩဇာဓာတ်လည်း နူးညံ့၏၊ ခက်မာ၏ဟု ဓာတ်ခုနစ်ပါး စလုံး အကုန် နူးညံ့မှု ခက်မာမှု အတိဖြစ်၍ သိသောကြောင့် အမှားသိ ဆိုသည်၊ မြေဓာတ်သက်သက်ကို ကွက်ခြား၍သိမှ အမှန်ဆိုရသည်။ လက်ဖြင့် ဦးခေါင်းကို စမ်းသပ်သောအခါ ပူ၏ အေး၏ဟု သိ၏။ ဤပူမှု အေးမှုကား ပထဝီမှုလည်းမဟုတ်၊ ပထဝီမှုကား နူးညံ့မှု ခက်မာမှုသာတည်း။ ဤပူမှု အေးမှုသည် အာပေါမှုလည်း မဟုတ်။ အာပေါမှုကား ဖွဲ့တွယ်ကပ်စီးမှု၊ ယိုစီးမှုသာတည်း။ ဤပူမှု အေးမှုသည် ဝါယောမှုလည်း မဟုတ်။ ဝါယောမှုကား ထောက်ကန်တောင့်တင်းမှု နှင့်ရွေ့ရှားမှုသာတည်း။ ဤပူမှု အေးမှုကား အခြားသော ဓာတ်အမှုမဟုတ်။ တေဇောဓာတ် သက်သက်သာတည်းဟု တေဇောဓာတ် သက်သက်ကို ကွက်ခြား၍ ဓာတ်ခုနစ်ပါးမှ အသီးထုတ်နုတ်၍ သိမှုဖြစ်သောကြောင့် အဟုတ်သိ ဆိုရ၏။ အမှားသိ မဟုတ်။

**အမှားသိပုံကား။** ။ဦးခေါင်းကို လက်ဖြင့် စမ်းသပ်သော အခါ ဦးခေါင်းပူသည် ဦးခေါင်းအေးသည်ဟု သိမြင်မှတ်ထင် ပြောဆိုမှုသည် အမှားသိစင်စစ်တည်း။ အဘယ့်ကြောင့်နည်း

ဆိုသော် ပူမှု အေးမှုဟူသော တေဇောဓာတ်နှင့်တကွ ဓာတ်ခုနစ်ပါး တို့ကို နုတ်ပယ်လိုက်လျှင် ဦးခေါင်းဟူ၍ မရှိလေသောကြောင့်တည်း။

ဝမ်းကို လက်ဖြင့် စမ်းသပ်သောအခါ ဝမ်း၏ ပွရွလှုပ်ရှားမှု ထောက်ကန် တောင့်တင်းမှုသည် ပထဝီမှုလည်း မဟုတ်။ ပထဝီမှုကား နူးညံ့မှု ခက်မာမှုသာတည်း။

ဤပွရွလှုပ်ရှားမှု ထောက်ကန်တောင့်တင်းမှုကား အာပေါမှုလည်း မဟုတ်။ အာပေါမှုကား ဖွဲ့တွယ်ကပ်စီးမှု ယိုစီးမှုသာတည်း။

ဤပွရွလှုပ်ရှားမှု ထောက်ကန်တောင့်တင်းမှုကား တေဇောမှုလည်း မဟုတ်။ တေဇောမှုကား ပူမှု အေးမှုသာတည်း။

ဤပွရွလှုပ်ရှားမှု ထောက်ကန် တောင့်တင်းမှုကား ဝါယောဓာတ် အမှုသက်သက်သာတည်းဟု ဓာတ်ခုနစ်ပါးမှ အသီးထုတ်နုတ်၍ ဝါယော ဓာတ် တပါးတည်းကို သိခြင်းသည် ရုပ်တရားကို အဟုတ်သိ ဆိုသည်။ အမှန်သိ ဆိုသည်။ အမှားသိ မဟုတ်။

အမှားသိပုံကား။ ။ဝမ်းတောင့်သည်၊ ဝမ်းတင်းသည်၊ ဝမ်းပွသည်၊ ဝမ်းလှုပ်ရှားသည်ဟု သိမှုကား အမှားသိတည်း။ ဒိဋ္ဌိသိတည်း။ အဘယ်ကြောင့်နည်းဆိုသော် ပွရွလှုပ်ရှားမှု ထောက်ကန် တောင့်တင်းမှု ဟူသော ဝါယောဓာတ်နှင့်တကွ ဓာတ်ခုနစ်ပါးကို ပယ်နုတ် ရုပ်သိမ်းလိုက်သော် ဝမ်းဟူသော အမည်ပညတ်မျှသာ ကျန်ရှိလေသော ကြောင့်တည်း။ ၎င်းဝမ်းဟူသော အမည်ပညတ်၌ ပွရွလှုပ်ရှားမှုလည်းမရှိ။ ထောက်ကန်တောင့်တင်းမှုလည်း မရှိ။ ဖောက်ပြန်ပျက်စီးမှုလည်း မရှိ။ ပွရွလှုပ်ရှားမှု၊ ထောက်ကန်တောင့်တင်းမှုရှိသော ဝါယောဓာတ်ကြီး၏ အမှုကို ဝမ်းမှုပြုလုပ်၍ ပြောဆို မှတ်ယူ ထင်မြင်လေသောကြောင့် အမှား ဒိဋ္ဌိသိ ဆိုပေသည်။

ဤသို့လျှင် မြေ, ရေ, လေ, မီး ဘုတ်ကြီးလေးပါးတို့၏ အသီးအသီး သဘော လက္ခဏာကို ခွတ်ခွဲ၍ ပရမတ်အစစ်ကို သိနိုင်ပေလျှင် "ရူပံ၊ ရုပ်ကို။ ပဇာနာတိ၊ အဟုတ်သိ၏" ဟူသော ပထမပဋ္ဌာနသို့ ဆိုက်ပြီ။

စတ္တာရိ မဟာဘူတာနိ ပသာဒေတီတိ ပသာဒေါ။

ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ စတ္တာရိ၊ လေးပါး ကုန်သော။ မဟာဘူတာနိ၊ ဒွတ္တိံသအတွင်း တည်ရှိသော ဘုတ်ရုပ်ကြီး လေးပါးမှအလွတ် သန္တတိ အခိုးလေခွတ်၏အတွင်း တည်ရှိသော မြေ, ရေ, လေ, မီး ဘုတ်ရုပ်ကြီး လေးပါးတို့ကို။ ပသာဒေတိ၊ ကြည်စေ တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သော သဘာဝေါ၊ ထိုသဘော တရားသည်။ ပသာဒေါ၊ ပသာဒ မည်၏။

စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယ ပသာဒဟု မိမိနှင့် အတူတကွဖြစ်ပေါ်သော မဟာဘုတ်ကြီး လေးပါးတို့ကို ကြည်စေတတ်သော ရုပ် ၅-မျိုး၊ မိမိနှင့် အတူတကွဖြစ်ပေါ်သော မဟာဘုတ် ရုပ်ကြီးလေးပါးဟူသော်ကား—

စက္ခုသန္တတိ ခေါ်သော အခိုးလေခွတ်၏အတွင်း ဖြစ်ပေါ်တည်ရှိ သော ဘုတ်ရုပ်ကြီးလေးပါး။

သောတသန္တတိခေါ်သော အခိုးလေခွတ်၏အတွင်း ဖြစ်ပေါ်တည်ရှိ သော ဘုတ်ရုပ်ကြီးလေးပါး။

ဃာနသန္တတိ ခေါ်သော အခိုးလေခွတ်၏အတွင်း ဖြစ်ပေါ်တည်ရှိ သော ဘုတ်ရုပ်ကြီးလေးပါး။

ဇိဝှါသန္တတိ ခေါ်သော အခိုးလေခွတ်၏အတွင်း ဖြစ်ပေါ်တည်ရှိ သော ဘုတ်ရုပ်ကြီးလေးပါး။

ကာယသန္တတိ ခေါ်သော တကိုယ်လုံး ပျံ့နှံ့ဖြစ်ပွားသော အခိုးလေ ခွတ်၏အတွင်း ဖြစ်ပေါ်တည်ရှိသော မဟာဘုတ် ရုပ်ကြီးလေးပါး။

နက်သောအဆင်း၊ နီသောအဆင်း၊ ဖြူသောအဆင်း၊ ဝါသောအဆင်း၊ စိမ်းသောအဆင်း၊ ညိုပြာသောအဆင်း၊ ၎င်းအဆင်းခြောက်ပါးကို–

ဆောင်။ ။ရူပါရုံ၊ ဝဏ္ဏခေတ်၊ ရုပ်တရားတပါးမှတ်။

နက်-နီ-ဖြူ-ဝါ၊စိမ်း-ညိုပြာ၊ခြောက်ဖြာအဆင်းခေတ်။

စက္ခုမည်ခံ၊ အကြည်မှန်၊ ခိုက်ရန်ခေတ်ဟုမှတ်။

နက်သောအသံ၊ တိမ်သောအသံ၊ စူးသောအသံ၊ ပြန့်သောအသံ၊ သာသောအသံ၊မသာသောအသံ စသောအားဖြင့် မရေတွက်နိုင်များပြား၏။

ဆောင်။ ။နက်တိမ်စူးသာ၊ ပြန့်မသာ၊ ခြောက်ဖြာအသံခေတ်။

သောတမည်ခံ၊ အကြည်မှန်၊ ခိုက်ရန်ခေတ်ဖက်မှတ်။

သင်းသောအနံ့၊ ပြန့်သောအနံ့၊ သိုးသောအနံ့၊ ပုပ်သောအနံ့၊ မွှေးသောအနံ့၊ ကြိုင်သောအနံ့ စသောအားဖြင့် များပြား၏။ ၎င်းအနံ့စုကို–

ဆောင်။ ။ဂန္ဓာရုံ၊ ဂန္ဓခေတ်၊ ဘာရုံဟုမှတ်။

သိုးပုပ်မွှေးကြိုင်၊ သင်းပြန့်လှိုင်၊ ခြောက်ဆိုင်ရနံ့ခေတ်။

ဃာနမည်ခံ၊ အကြည်မှန်၊ ခိုက်ရန်ခေတ်ဖက်မှတ်။

ငန်သောအရသာ၊ ဖန်သောအရသာ၊ ခါးသောအရသာ၊ ချဉ်သောအရသာ၊ ဆိမ့်သောအရသာ၊ ချိုသောအရသာ၊ စပ်သောအရသာဟု ရသာခြောက်မျိုးရှိ၏။ ၎င်းရသာခြောက်မျိုးကို–

ဆောင်။ ။ရသာရုံ၊ ရသာခေတ်၊ ရုပ်တရားတပါးမှတ်။

ချိုဆိမ့်ချဉ်ခါး၊ ငန်ဖန်ပြား၊ ခြောက်ပါးရသာခေတ်။

ဇိဝှါမည်ခံ၊ အကြည်မှန်၊ ခိုက်ရန်ခေတ်ဖက်မှတ်။

ကြမ်းသောအတွေ့၊ နူးသောအတွေ့၊ပူသောအတွေ့၊ အေးသောအတွေ့ တောင့်သောအတွေ့၊ တင်းသောအတွေ့ဟု ပထဝီဓာတ် တေဇောဓာတ် ါယောဓာတ် ၎င်းဓာတ်ကြီး ၃-ပါးကို ဖောဋ္ဌဗ္ဗာရုံခေါ်သည်။ ဖောဋ္ဌဗ္ဗာ ချုပ်ဟုမှတ်။

ဆောင်။ ။ကြမ်း နူး အေး ပူ၊ တောင့်တင်းထူ၊ ခြောက်ဆူအတွေ့ ဓာတ်။

ကာယမည်ခံ၊ အကြည်မှန်၊ ခိုက်ရန်ဓာတ်ဖက်မှတ်။

## အာရုံဓာတ်ငါးပါး

တကိုယ်လုံးကို ပေါင်းနှေးပျံ့နှံ့လျက်တည်သော ဘာဝသန္တတိ ခေါ် သော အခိုးလေဓာတ်၏အတွင်း မိန်းမသဏ္ဌာန် ဟန်ပန်ပေါ်အောင် ပြုလုပ်ဖန်ဆင်းနိုင်သော ရုပ်ငယ်တမျိုးသည် ဣတ္ထိဘာဝရုပ်မည်၏၊တကိုယ် လုံးကို ပေါင်းနှေးပျံ့နှံ့လျက် တည်သော ဘာဝသန္တတိခေါ်သော အခိုး လေဓာတ်၏ အတွင်း ယောကျ်ားသဏ္ဌာန် ဟန်ပန်ပေါ်အောင် ပြုလုပ် ဖန်ဆင်းနိုင်သော ရုပ်ငယ်တမျိုးသည် ပုရိသဘာဝရုပ်မည်၏။၎င်းဘာဝရုပ် ၂-ပါးကို သန္တတိခေါ်သော အခိုးလေဓာတ်၏ အတွင်းမှာကြည့်။

ရုပ်၊ ပသာဒရုပ် ၅-ပါး ဘာဝရုပ် ၂-ပါးကို။ ပဇာနာတိ၊ သန္တတိ ခေါ်သော အခိုးလေဓာတ်တို့၏အတွင်း ဖြစ်ပေါ်တည်ရှိသည်ကို အဟုတ် ပိုင်ပိုင်သိ၏။ ကမ္မဇရုပ်တို့၏ အသက်ဟုဆိုအပ်သော ရုပ်ငယ်တမျိုးသည် ဇီဝိတရုပ်မည်၏။ဝတ္ထုသန္တတိခေါ်သော နှလုံးအိမ်အတွင်း အခိုးလေဓာတ် လည်းကောင်း၊ အခိုးလေဓာတ်အတွင်း အသိန်းအသန်း ဖြစ်ပေါ်၍နေ သောရုပ်ငယ်တမျိုးသည် ဟဒယဝတ္ထုရုပ်မည်၏။ ၎င်းဟဒယဝတ္ထုရုပ်မှ ကောင်းသောစိတ် မကောင်းသောစိတ် ပေါက်ဖွားပေါ်ထွက်လာ၏။ ပေါက်ဖွား ပေါ်ထွက်၏ ဆိုသော်လည်း တခုသောဟဒယဝတ္ထုရုပ်မှ တခုသောစိတ်သာ ပေါက်ဖွား၏၊ တခုသော ဝတ္ထုရုပ်မှ နှစ်ခုသောစိတ် မပေါက်ဖွား။

ဥပမာကား။ ။တလုံးသောကြက်ဥမှ တကောင်သောကြက်သူငယ် ပေါက်ဖွားသကဲ့သို့မှတ်။

ဟဒယဝတ္ထုရုပ်မှ ကောင်းသောစိတ် မကောင်းသောစိတ် ပေါက်ဖွား ပေါ် ထွက်လာပုံကို အတန်ငယ်ပြဦးအံ့။

အချို့အချို့သော ဟဒယဝတ္ထုရုပ်မှ လောဘစိတ်ပေါက်ဖွား၏။

အချို့အချို့သော ဟဒယဝတ္ထုရုပ်မှ ဒေါသစိတ်ပေါက်ဖွား၏။

အချို့အချို့သော ဟဒယဝတ္ထုရုပ်မှ မောဟစိတ်ပေါက်ဖွား၏။

အချို့ အချို့သော ဟဒယဝတ္ထုရုပ်မှ ကာမကုသိုလ်စိတ် ပေါက်ဖွား၏။

အချို့အချို့သော ဟဒယဝတ္ထုရုပ်မှ ဈာန်စိတ်ပေါက်ဖွား၏။

အချို့အချို့သော ဟဒယဝတ္ထုရုပ်မှ မဂ်စိတ် ဖိုလ်စိတ်ပေါက်ဖွား၏။

ရုပ်၊ ဇီဝိတရုပ် ဟဒယဝတ္ထုရုပ် ၂-ပါးကို။ ပဇာနာတိ၊ အခိုးလေခတ်၏ အတွင်း ဖြစ်ပေါ်တည်ရှိသည်ကို အဟုတ်သိ၏။

ခပ်သိမ်းသောမဟာဘုတ်တို့၏ ပရမတ် ခတ်ဆီဟု ဆိုအပ်သော တကိုယ်လုံးကိုထောက်ပံ့၍နေသော ရုပ်ငယ်တမျိုးသည် အာဟာရရုပ် မည်၏။

ကာမဘုံသားတို့၌ နေ့စဉ်မပြတ် အစာထမင်း သွင်းရ မျိုရသော အလုပ်ကား ခတ်ဆီသွင်းရသော အလုပ်ပေတည်း။ အမြဲထွန်း၍ထား သော ဆီးမီးခွက်ကြီးတခုရှိခဲ့အံ့။ နေ့စဉ်မပြတ် ဆီလောင်းရလတ္တံ့။ ဤ အတူမှတ်။

စက္ခုဝတ္ထုအနန္တ၊ ကမ္ဘာအနန္တ၊ သတ္တဝါအနန္တ၊ ရုပ်သဏ္ဍာန်ရှိသမျှကို ပရမတ်အနုအမှုန့်ပြု၍ သတ္တချလျှင် ဤရုပ် ၁၈-ခုသာရ၏။ ရုပ် ၁၈-ခုကို ပယ်နုတ်ရုပ်သိမ်းလိုက်လျှင် စက္ခုဝတ္ထုအနန္တ၊ ကမ္ဘာအနန္တ၊ သတ္တဝါအနန္တ၊ ဆိတ်သုဉ်းကွယ်ပျောက်၏။၁၈-ပါးသော ရုပ်တရားအစု အစိုင်အခဲဟု ထင်

မြင်လာလတ္တံ့၊ မိမိသန္တာန် သူတပါးတို့၏ သန္တာန်၌လည်း ၁၈-ပါးသော ရုပ်တရားကိုသာ ထင်မြင်လတ္တံ့။ ၁၈-ပါးသောရုပ်တရားမှတပါး မိမိဟူ၍လည်းကောင်း၊ သူတပါးဟူ၍လည်းကောင်း မရှိ။ မိမိ သူတပါး ဆိတ်သုဉ်းကွယ်ပျောက်၏။

ရူပံ၊ ၁၈-ပါးသောရုပ်တရားကို၊ ပဇာနာတိ၊ သမ္မုတိပညတ်မှ အသီးထုတ်နုတ်၍ အဟုတ်ပိုင်ပိုင် သူ့ဋ္ဌာနနှင့် သူ့ရုပ်ပြခြင်းဟူသော ပထမ-ကောသလ္လ ပြီး၏။

အာဟာရသမုဒယာ ရူပသမုဒယော။

အာဟာရနိရောဓာ ရူပနိရောဓော။

ဒုတိယ၊ တတိယ၊ ကောသလ္လဋ္ဌာန။

အာဟာရ သမုဒယာ၊ မနက်တထပ် ညတထပ် မျိုသွင်းအပ်သော အာဟာရ ဓာတ်ဆီဟူသောအကြောင်းကြောင့်။ ရူပသမုဒယော၊ ၁၈-ပါးသော ရုပ်တရားတို့ပေါက်ဖွားပေါ်တတ်သည်။ဟောတိ၊ ဖြစ်၏။ အာဟာရ-နိရောဓာ၊ မနက်တထပ်ညတထပ်မျိုသွင်းအပ်သော အာဟာရဓာတ်ဆီချုပ်ဆုံးကွယ်ပျောက်ခြင်းကြောင့်။ ရူပနိရောဓော၊ ၁၈-ပါးသောရုပ်တရားတို့ ချုပ်ဆုံးကွယ်ပျောက်သည်။ ဟောတိ၊ ဖြစ်၏။

**အာဟာရဆိုသည်ကား။** ။ဆောင်ဓာတ်တည်း။ ရုပ်အာဟာရ နာမ်အာဟာရဟူ၍ ၂-ပါး။ ရုပ်အာဟာရဆိုသည်ကား ဩဇာဓာတ်ရုပ်ဓာတ်ဆီတည်း။ ကမ္ဘာပေါ်၌ အချို့သောသတ္တဝါတို့သည် သစ်မြစ် သစ်ဥလျှင် အစာအာဟာရရှိကုန်၏။ အချို့အချို့သောသတ္တဝါတို့သည် သစ်ရွက်သစ်သီးလျှင် အစာအာဟာရရှိကုန်၏။ အချို့အချို့သော သတ္တဝါတို့သည် အမဲငါးလျှင် အစာအာဟာရရှိ၏။

လူသတ္တဝါတို့မှာ ကောက်ပဲစသော မရေမတွက်သာ အစာအာဟာရများပြား၏။ အာဟာရများပြားသည်အတွက် ဩဇာဓာတ်ဆီလည်း များပြား၏။

**ဥပမာကား။** ။နှမ်းမှုဖြစ်ပေါ်သောနှမ်းဆီ၊ မြေပဲ၌ ဖြစ်ပေါ်သော မြေပဲဆီ၊ ကြက်ဆူဆီမှုဖြစ်ပေါ်သော ကြက်ဆူဆီ၊ ဝက်ဆီ၊ ဆိတ်ဆီ၊ သိုးဆီ၊ နွားဆီ၊ ငါးဆီ၊ နို့ဆီတို့ကဲ့သို့တည်း။

၁၇-ပါးသော ရုပ်တရားတို့၏ တဖွားဖွားဖြစ်ပေါ်မှု၊ ချုပ်ဆုံးကွယ်ပျောက်မှုကို ဆီမီးတောက် ဥပမာဖြင့် ထင်စွာပြဦးအံ့။

တခုသော မီးခွက်ကြီး၌ ဆီအပြည့်ထည့်၍ လူလောကရှိသော ဆီမီးတောက်ကို အနှစ်တရာပတ်လုံး တည်နေအောင် မွေးမြူရမည်ဟု ဖြစ်ခဲ့အံ့။ တနေ့တနေ့တညဘညအတွက် ဆီပေါင်းအချင့်အချိန် မည်မျှကုန်မည်ဟုမှန်း၍ကြည့်။ ထိုဆီမီးတောက်၏ အသက်ကား ဆီ၌နေ၏။ မီးခွက်နှင့်ဆီအပြည့်ရှိမှ မီးတောက်မှုနိုင်၏။ ဆီလျော့ပါး၍သွားလျှင် မီးတောက်လည်းအစဉ်အတိုင်း လျော့ပါး၍သွား၏။ ဆီကုန်လျှင် ကုန်သည်နှင့် တပြိုင်နက် မီးတောက်ကွယ်ပျောက်၏။

ပထမနေ့မှစ၍ တနေ့တနေ့လျှင် ကုန်သွားသောဆီကိုလည်း သိရမည်။ အသစ်အသစ်လောင်းသော ဆီကိုလည်းသိရမည်။ အသစ်အသစ်သော ဆီမှုဖြစ်ပေါ်သော အသစ်အသစ်သော မီးတောက်ကိုလည်း သိရမည်။ ဆီဟောင်းနှင့် မီးတောက်ဟောင်း ကုန်းခန်းကွယ်ပျောက်မှုကိုလည်း သိရမည်။ ဆီသစ်နှင့် မီးတောက်ဟောင်းတို့ကို သီးသန့် ခြားနား၍ မြင်စေ။ ဆီကိုဆေးအမျိုးမျိုးဆိုး၍ ထားပြီးလျှင် ဖြူသောဆီကိုလောင်းလျှင် ဖြူသောမီးတောက်၊ နီသောဆီကိုလောင်းလျှင် နီသောမီးတောက်၊ ဝါသောဆီကိုလောင်းလျှင် ဝါသောမီးတောက်၊ ဤသို့တနာရီစီ၊တခဏစီ အဆင်ကွဲလုပ်၍ ကြည့်လေ။

ဉာဏ်အချက်ကို မျက်မြင်က ကွယ်၍ထားတတ်သည်။ မျက်မြင်ကို ဉာဏ်နှင့်မှုတ်လွှင့်၍ပြစ်။ မီးတောက်ကိုစေ့စေ့ကြည့်၍နေလျှင် လှုပ်ရှားမှု အသစ်အသစ် ဖြစ်၍လာမှုသည် မျက်မြင်ပင်၊ လှုပ်သမျှသည် အသစ်အဟောင်းလဲမှုတည်း။

အသစ်မြင်ရာ ဟူသမျှမှာ အဟောင်းကွယ်ပျောက်မြဲ အသစ်အသစ် ဖြစ်ပေါ်မှု အစုသည် သမုဒယမှုပေတည်း။ အဟောင်းအဟောင်း ပျောက်ကွယ်မှုအစုသည် နိရောဓမှုတည်း။

ဤခန္ဓာကိုယ်ကြီးမှာ သေသည့်နောက်တိုင်အောင်ကျန်ရှိလတ္တံ့သော ဥတုဇကာယ အကြမ်းကြီးကား မီးစာကြီး မီးအိုးကင်းကြီးနှင့် တူ၏။ သတ္တဝါဟု မှတ်ထင်ဖို့ ခြယ်လှယ်၍နေသော ကမ္မဇကလာပ် များစွာဟု ဆိုအပ်သော ကမ္မဇကာယ, စိတ္တဇကလာပ်များစွာဟု ဆိုအပ်သော စိတ္တဇကာယ, အာဟာရဇကလာပ် များစွာဟု ဆိုအပ်သော အာဟာရဇ ကာယစုကား မီးတောက် မီးရောင်နှင့် တူ၏။

ခံတွင်းပေါက်မှာ တနေ့တနေ့လျှင် နှစ်ကြိမ်နှစ်ကြိမ် ထည့်လောင်း မျိုသွင်းရသော အာဟာရဓာတ်ဆီစုကား ထိုမီးတောက်ကြီးမှာ နေ့စဉ် လောင်းရသော ဆီအမျိုးမျိုးနှင့်တူ၏၊ ဤခန္ဓာကိုယ်မှာလည်း အစာအိမ်၌ အာဟာရဓာတ်ဆီရောက်လျှင် တကိုယ်လုံးရှိသော ဓာတ်မီးတို့သည် ထကုန်၏၊ အာဟာရဓာတ်နု ရုပ်နုတို့သည် လျော့ပါး၍ လိုက်ကုန်၏၊ အာဟာရ ဓာတ်ဆီ အလျှင်းပြတ်လျှင် ကမ္မဇကာယ, စိတ္တဇကာယ, အာဟာရဇ ကာယအတွင်း ရုပ်နုဓာတ်နု ချုပ်ဆုံးကွယ်ပျောက်ကုန်၏၊ တကိုယ်လုံးမှာ ရှိသော ထိုကာယတို့သည် အာဟာရဓာတ်ဆီမှာ အသက်နေကုန်၏၊ ရှေးရှေးအနပ်၌ မျိုအပ်သော အာဟာရဓာတ်ဆီစုနှင့် ရှေးရှေးကာယ ဟောင်းစု ဖြစ်အတူ, ပျက်အတူ, ကုန်အတူ, ပျောက်အတူ၊ နောက် နောက်အနပ်မှာ မျိုအပ်သော အာဟာရဓာတ်ဆီစုနှင့် နောက်နောက် ကာယသစ်စု ဖြစ်အတူ ပျက်အတူ။

လောက၌ ရေသတ္တဝါ ကုန်းသတ္တဝါ ခပ်သိမ်းတို့၌ အသက်မွေးမှု အာဟာရဓာတ်ဆီ မျိုသွင်းဖြည့်စွက် အလျဉ်ဆက်မှု ဘယ်မျှလောက် ကြီးကျယ်ကျပ်တည်း၍ နေသည်ဟု တပြည်ထောင်လုံး မျှော်လိုက်လျှင် ကိုယ်ခန္ဓာ အသစ်အဟောင်း ပြောင်းလဲဖောက်ပြန်မှု အလွန်မြန်ကြောင်း ကို မြင်လတ္တံ့။

ရှုဖွယ် ၅-ပ-၄-က-၀

မွေးဖွားသည်ကစ၍ တနေ့မှသည် တနေ့သို့ ရောက်အောင် အာဟာရ ဓာတ်ဆီ အလျဉ်ဆက်၍ အသက်သစ် မျိုကာ မျိုကာ လာရမှု၊ အသက် သစ် ပွားကာပွားကာ လာရမှုသည် ထင်ရှားလတ္တံ့။

အသက်သစ် ပွားကာပွားကာ လာရပုံကို ထင်ရှားစေဦးအံ့။

တိရစ္ဆာန်သေ၍ လူမိန်းမဝမ်း၌ ပဋိသန္ဓေနေ၏၊ ဖွားမြင်သောအခါ တိရစ္ဆာန်မဟုတ် လူဇာတိဖွားမြင်၏၊ နတ်သေ၍ လူမိန်းမဝမ်း၌ ပဋိ-သန္ဓေနေ၏၊ ဖွားမြင်သောအခါ နတ်မဟုတ် လူဇာတိဖွားမြင်၏၊ ဘီလူး သေ၍ လူမိန်းမဝမ်း၌ ပဋိသန္ဓေနေ၏၊ ဖွားမြင်သောအခါ ဘီလူးမဟုတ် လူဇာတိဖွားမြင်၏။

ထို့အတူ သစ်သီး သစ်ရွက်တို့ကို မျိုသွင်းလိုက်သည်ရှိသော် ၎င်းသစ် သီး သစ်ရွက်တို့သည် အစာသစ်အိမ်၌ တည်၏။ ၎င်းသစ်သီးသစ်ရွက် အတွင်း တည်ရှိသော သြဇာဓာတ်ဆီသည် အစာအိမ်အောက်တည့်တည့် ကမ္မဇဓာတ်မီးတည်းဟူသော အမိဝမ်း၌ ပဋိသန္ဓေနေ၏၊ ဖွားမြင်သော အခါ သစ်သီး သစ်ရွက်မဟုတ် အသက်ခေါ်သော ဇီဝိတိန္ဒြေသဟဇာတ ရုပ်တရား သားသမီးကို တကိုယ်လုံးအပြည့် ဖွားမြင်၏။

ဝက်သား, ကြက်သား, အမဲသားတို့ကို မျိုသွင်းလိုက်သည်ရှိသော် ၎င်းဝက်သား, ကြက်သား, အမဲငါးတို့သည် အစာအိမ်၌ တည်၏၊ ၎င်းဝက်သား, ကြက်သား, အမဲ, ငါးတို့၏အတွင်း တည်ရှိကြသော သြဇာ ဓာတ်ဆီသည် အစာအိမ်အောက်တည့်တည့် တည်ရှိသော ကမ္မဇဓာတ်မီး တည်းဟူသော အမိဝမ်း၌ ပဋိသန္ဓေတည်နေ၏၊ ကမ္မဇဓာတ်မီးတည်း ဟူသော အမိဝမ်းမှ ဖွားမြင်သောအခါ ဝက်သား, ကြက်သား, အမဲ, ငါး မဟုတ်၊ အသက်ခေါ်သော ဇီဝိတိန္ဒြေသဟဇာတ ရုပ်တရားကို တကိုယ် လုံး အပြည့် ဖွားမြင်၏။

ပျားသကာ, တင်လဲ, ထမင်းဟင်းတို့ကို မျိုသွင်းလိုက်သည် ရှိသော် ၎င်းပျားသကာ, တင်လဲ, ထမင်းဟင်းတို့သည် အစာသစ်အိမ်၌ တည်

ကုန်၏။ ၎င်းပျားသကာ, တင်လဲ, ထမင်းဟင်းတို့၌ တည်ရှိသော ဩဇာဓာတ်ဆီသည် အစာသစ်အိမ် အောက်တည့်တည့် တည်ရှိသော ကမ္မဇဓာတ်မီးတည်းဟူသော အမိဝမ်း၌ ပဋိသန္ဓေနေ၏၊ ကမ္မဇဓာတ်မီးတည်းဟူသော အမိဝမ်းမှ ဖွားမြင်သောအခါ ပျားသကာ, တင်လဲ, ထမင်းဟင်းမဟုတ်၊ အသက်ခေါ်သော ဇီဝိတိန္ဒြေသဟဇာတ ရုပ်တရားတည်းဟူသော သားသမီးတို့ကို တကိုယ်လုံးအပြည့်ဖွားမြင်၏။

ပျောင်း ပဲ လူး ဆပ် ထောပတ် နို့ ဆီတို့ကို မျိုသွင်းလိုက်သည်ရှိသော် ၎င်းပျောင်း ပဲ လူး ဆပ် ထောပတ် နို့ ဆီတို့သည် အစာအိမ်၌ တည်ကုန်၏။ ၎င်း ပျောင်း ပဲ လူး ဆပ် ထောပတ် နို့ ဆီတို့၏အတွင်းတည်ရှိသော ဩဇာဓာတ်ဆီသည် အစာသစ်အိမ် အောက်တည့်တည့်ရှိသော ကမ္မဇဓာတ်မီးတည်းဟူသော အမိဝမ်း၌ ပဋိသန္ဓေနေ၏၊ ကမ္မဇဓာတ်မီးတည်းဟူသော အမိဝမ်းမှ ဖွားမြင်သောအခါ ပျောင်း ပဲ လူး ဆပ် ထောပတ် နို့ ဆီ မဟုတ်ပြီ၊ အသက်ခေါ်သော ဇီဝိတိန္ဒြေသဟဇာတတည်းဟူသော ရုပ်တရား သားသမီးတို့ကို တကိုယ်လုံး အပြည့်ဖွားမြင်၏။

ဤကဲ့သို့ ဖွားမြင်သည်ကို အသက်သစ် ပွားကာပွားကာ လာရ၏ဟု မိန့်ဆို၏၊ "အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ" အစရှိသော ပါဠိတော်ကိုထောက်၊ သူ့အာဟာရနှင့် သူ့ဩဇာ ၁၊ သူ့ဩဇာနှင့်သူ့အမိ ၁။ သူ့အမိနှင့်သူ့သား ၁။ ၎င်းသုံးပါးကို ခြားခြားနားနား မြင်အောင်ကြည့်လေ။

အာဟာရ တမျိုးတမျိုးမှ ဩဇာဓာတ်ဆီ တမျိုးတမျိုး၊ ဩဇာဓာတ်ဆီတမျိုးတမျိုးမှ ဓာတ်မီးတောက် တမျိုးတမျိုး၊ ဓာတ်မီးတောက်တမျိုးတမျိုးမှ အသက်ခေါ်သော ဇီဝိတသဟဇာတ်ရုပ် တမျိုးတမျိုး ပွားမှု၊ ချုပ်ဆုံးကုယ်ပျောက်မှုတို့ကို အပိုင်းအပိုင်း အခြားအခြား ခြားခြားနားနား မြင်အောင်ကြည့်လေလော့။

ရုပ်တရားတို့၏ သမုဒယ၊ နိဓရောဓဘို့ကို နှာခေါင်းရှုစ်ပေါက်ရှိသော မြေနုဂါးဥပမာဖြင့် ထင်စွာပြဦးအံ့။

နှာခေါင်းရှစ်ပေါက်ရှိသော မြွေနဂါးသည် ပတ္တမြားကျောက်တို့ကို စားသုံး၍ မိမိ၏နှာခေါင်းရှစ်ပေါက်တို့မှ အခိုးအလျှံတို့ကို လွှတ်၏။ အခိုးအလျှံတို့သည် မိမိ၏ တန်ခိုးအားဖြင့် အခိုးရှစ်မျိုးဖြစ်၏။

အခိုးရှစ်မျိုးဟူသည်ကား– နက် နီ ဖြူ ဝါ စိမ်း ပြာ ညို မောင်း ရှစ်ချောင်းသော အခိုးလေတန်တို့ဖြစ်ပေါ်ကုန်၏။

ထိုနည်းတူစွာ ကမ္မဇဓာတ်မီးတည်းဟူသော မြွေနဂါးသည် အထူးထူး အပြားပြားများစွာသော အစာ အာဟာရတို့ကို စားသုံး၍ နှာခေါင်း ရှစ်ပေါက်တို့မှ ရှစ်သွယ်သော အခိုးလေတန်တို့ကို မိမိတန်ခိုးအားဖြင့် လွှတ်၏။

ရှစ်သွယ်သောအခိုးလေတန်ဟူသည်ကား–

(၁) ဇီဝိတနဝကကလာပ်တည်းဟူသော ရုပ်တရားတို့ကို ဖြစ်ပေါ်စေနိုင်သော အခိုးလေတန်တမျိုး။

(၂) စက္ခုဒသက ကလာပ်တည်းဟူသော ရုပ်တရားတို့ကို ဖြစ်စေနိုင်သော အခိုးလေတန်တမျိုး။

(၃) သောတဒသကကလာပ်တည်းဟူသော ရုပ်တရားတို့ကို ဖြစ်ပွားစေနိုင်သော အခိုးလေတန်တမျိုး။

(၄) ဃာနဒသက ကလာပ်တည်းဟူသော ရုပ်တရားတို့ကို ဖြစ်ပွားစေနိုင်သော အခိုးလေတန်တမျိုး။

(၅) ဇိဝှါဒသကကလာပ်တည်းဟူသော ရုပ်တရားတို့ကို ဖြစ်ပွားစေနိုင်သော အခိုးလေတန်တမျိုး။

(၆) ကာယဒသက ကလာပ်တည်းဟူသော ရုပ်တရားတို့ကို ဖြစ်ပွားစေနိုင်သော အခိုးလေတန်တမျိုး။

(၇) ဝတ္ထုဒသက ကလာပ်တည်းဟူသော ရုပ်တရားတို့ကို ဖြစ်ပွားစေနိုင်သော အခိုးလေတန်တမျိုး။

(ဂ) ဘာဝဒသကကလာပ်တည်းဟူသော ရုပ်တရားတို့ကို ဖြစ်ပွားစေနိုင်သော အခိုးလေတန်တမျိုး။

ဤသို့လျှင် ကမ္မဇဓာတ်မီးတည်းဟူသော မြေနုဂါးသည် မိမိ၏ တန်ခိုးအားဖြင့် ရှစ်ပါးသော လေတန်၊ ရှစ်တန် ရှစ်မျိုးသော ရုပ်တရားတို့ကို ဖြစ်ပွားစေနိုင်၏။

၇၉-ပါးသော ရုပ်တရားတို့ကို အခိုးလေတန် အခိုးလေတန်သိုက်၏ အတွင်းမှာ အရရေတွက်၍ယူလေ။ သို့မှ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတို့ကို ဝိဇ္ဇုမ္မာလာဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ ဟု ဟောတော်မူအပ်သော ပါဠိတော်နှင့်အညီ မြင်အောင်ကြည့်နိုင်မည်။

ဒုတိယ–တတိယ ကောသလ္လဋ္ဌာနပြီး၏။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ရူပနိရောဓဂါမိနီပဋိပဒါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ ။လ။ သမ္မာသမာဓိ–

ဟူသော စတုတ္ထကောသလ္လဋ္ဌာန၌ မဂ္ဂင်ရှစ်ပါးဟူသော်ကား–

(၁) ဝစီကံ လေးပါးမှ လွတ်သော စကားမျိုးသည် သမ္မာဝါစာ မဂ္ဂင်မည်၏။

(၂) ကာယကံ သုံးပါးမှ လွတ်သော အမှုမျိုးသည် သမ္မာကမ္မန္တ မဂ္ဂင်မည်၏။

(၃) အသက်မွေးခြင်း၏အကြောင်းဖြစ်သော ဒုစရိတတရား ခုနစ်ပါးမှ လွတ်သော အသက် မွေးခြင်းသည် သမ္မာအာဇီဝမဂ္ဂင်မည်၏။

ဤကား– သီလမဂ္ဂင် ၃-ပါးပင်တည်း။

(၁) ဝိပဿနာဘာဝနာမှု၌ စိတ်အစဉ်ကို အတွင်တိုက်တွန်းသော သတိစေတသိက်သည် သမ္မာသတိ မဂ္ဂင်မည်၏။

(၂) ဝိပဿနာဘာဝနာမှု၌ မနေမနား အားထုတ်မှုသည် သမ္မာဝါယာမမဂ္ဂင်မည်၏။

(၃) ဝိပဿနာဘာဝနာအာရုံ၌ စိတ် အမြဲကြီးမြဲ အစွဲကြီးစွဲ၍ အာရုံတပါးသို့ စိတ်မထွက်သွားမှုသည် သမ္မာသမာဓိမဂ္ဂင်မည်၏။

ဤကား– သမာဓိမဂ္ဂင် ၃-ပါး။

(၁) ဒွတ္တိံသကာယအတွင်း ရုပ်နာမ်တရားတို့ကို မြင်ကွက်ပေါ်အောင် အကွက်ဖော်၍ပေးမှုကား သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။

(၂) မြင်ကွက်ပေါ်အောင် ဖော်ပေးသည့်အတိုင်း အထင်အလင်းမြင်မှုကား သမ္မာဒိဋ္ဌိမဂ္ဂင်တည်း။

ဤကား– ပညာမဂ္ဂင် ၂-ပါးတည်း။

ဂုဏ်မဂ္ဂင်ရှစ်ပါး တရားကြီးသည် နိဗ္ဗာန်မြို့ကြီးသို့ ဆိုက်ရောက်သောပေတရာ လမ်းမတော် ခရီးတည်း။

မိမိကိုယ်ခန္ဓာ၌ တကိုယ်လုံး သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် မွှေနှောက်ဖောက်ထွင်း ရှုကြည့်ခြင်းဟူသော ဝိပဿနာ ဘာဝနာမှု၌ကား သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာသင်္ကပ္ပ ဤလေးပါးသော စက်ကိရိယာတို့နှင့်တကွ သမ္မာဒိဋ္ဌိတည်းသော မီးစက်ခေါင်းတွဲ ရထားကြီးကို ကိုယ်ကာယ တည်းဟူသော တလမ်းသော ဒွတ္တိံသကာယ ရထားလမ်း၌ ဆံဖျားမှသည် ခြေဖျားတိုင်အောင် ခြေဖျားမှသည် ဆံဖျားတိုင်အောင် အထင်အမြင် အတွင်ခုတ်ပိုင်းပါလျှင် ခုနစ်ရက်နှင့် လောကုတ္တရာ နိဗ္ဗာန်မြို့ကြီးသို့ ဆိုက်ရောက်သောသူ တလနှင့် ဆိုက်ရောက်သောသူ။ လ။ ခုနစ်ရက်နှင့် ဆိုက်ရောက်သောသူဟူ၍ ကျမ်းဂန်တို့၌ အမျိုးမျိုးဟောတော်မူ၏။ အထင်အမြင် အတွင်ခုတ်ပိုင်းပုံကို ဥပမာတမျိုးဖြင့် ထင်ရှားစေဦးအံ့။

လေးကျွန်းလုံးကို အစိုးရသော ဘုရင်မင်းမြတ်သည် အမတ်ကြီးနှင့်တကွ မြို့တွင်းသို့ လှည့်လည်ကြ၏၊ အမတ်ကြီးသည် မင်းရှေ့က သွား၍ ဤကား အတွင်းတံခါး၊ ဤကား အပြင်တံခါး၊ ဤကား အရှေ့တံခါး၊ ဤကား အနောက်တံခါး စသည်ဖြင့် တံခါးတို့ကို ညွှန်ပြ၏၊ ဘုရင်မင်းမြတ်သည် အမတ်ကြီးညွှန်ပြသည့်အတိုင်း သိမြင်၏။

ဤကား သားတော် သမီးတော် ညီတော်ဟု ညွှန်ပြ၏။ ဘုရင်မင်းမြတ်သည် အမတ်ကြီး ညွှန်ပြသည့်အတိုင်း သိမြင်၏။

ဤကား မီးလောင်သောအရပ် ဤကား မီးမလောင်သော အရပ်ဟု ညွှန်ပြ၏။ ဘုရင်မင်းမြတ်သည် အမတ်ကြီးညွှန်ပြသည့်အတိုင်း သိမြင်၏။

ဤအတူသမ္မာဒိဋ္ဌိမဂ္ဂင်ကြီးသည် ဘုရင်မင်းမြတ်နှင့်တူ၏။ သမ္မာသင်္ကပ္ပမဂ္ဂင်ကြီးသည် အမတ်ကြီးနှင့်တူ၏။ ၃၂-ပါးသော ဒွတ္တိံသကာယကြီးသည် မြို့ကြီးနှင့်တူ၏။ အမျိုးမျိုးသော ခန္ဓာစုသည် မြို့တွင်းရှိလူစုနှင့်တူ၏။

သမ္မာဒိဋ္ဌိ ဘုရင်မင်းမြတ်သည် သမ္မာသင်္ကပ္ပ အမတ်ကြီးနှင့်တကွ ခန္ဓာပူရမြို့တွင်းသို့ လှည့်လည်ကြ၏။

သမ္မာသင်္ကပ္ပအမတ်ကြီးသည် သမ္မာဒိဋ္ဌိဘုရင်မင်းမြတ်၏ ရှေ့ကသွား၍ ဤကား စက္ခုတံခါး၊ သောတတံခါး၊ ဃာနတံခါး၊ ဇိဝှါတံခါး၊ ကာယတံခါး၊ မနောတံခါးဟု တံခါးခြောက်မျိုးကို ညွှန်ပြ၏၊ သမ္မာဒိဋ္ဌိ ဘုရင်မင်းမြတ်သည် အမတ်ကြီးညွှန်ပြသည့်အတိုင်း သိမြင်၏။

ဤကား မျက်လုံးအိမ်၊ နားအိမ်၊ နှာခေါင်းအိမ်၊ လျှာအိမ်၊ ကိုယ်အိမ်၊ နှစ်လုံးအိမ်ဟု အိမ် ၁၆-မျိုးတို့ကို သမ္မာသင်္ကပ္ပအမတ်ကြီးက ညွှန်ပြ၏။ သမ္မာဒိဋ္ဌိ ဘုရင်မင်းမြတ်သည် အမတ်ကြီးညွှန်ပြသည့်အတိုင်း သိမြင်၏။

မြင်ပုံကား။ ။မျက်လုံးအိမ်ဆိုသည်ကား အသား အကြော အရေ အသွေး ပေါင်းထွေးရောစပ်၍နေသော ရုပ်စုရုပ်ခဲကြီးပါကလားဟု ရှုကြည့်သုံးသပ်၏။ နားအိမ်စသည်တို့၌လည်း ရှင်းနည်းတူပင် သုံးသပ်ဆင်ခြင် သိမြင်၏။

ဤကား မျက်လုံးအိမ်အတွင်း သန္တတိခေါ်သော အခိုးလေဓာတ် ဥသ္မာခေါ်သော အငွေ့လေဓာတ်ပါဘုရားဟု ညွှန်ပြ၏။ သမ္မာဒိဋ္ဌိဘုရင်မင်းကြီးလည်း အမတ်ကြီး ညွှန်ပြသည့်အတိုင်း အခိုးလေဓာတ် အငွေ့လေဓာတ်တို့ကို သိမြင်၏။

ဤအခိုးအငွေ့လေဓာတ်ကား ကမ္မဇဓာတ်မီးသည် သစ်သီး သစ်ရွက်တို့ကို စားသောက် လောင်မြိုက်၍ လွှတ်လိုက်သောအခိုး၊ ကြက်သား ဝက်သား အမဲငါးတို့ကို စားသောက် လောင်မြိုက်၍ လွှတ်လိုက်သော အခိုးအငွေ့ လေဓာတ်ပါဘုရားဟု သမ္မာသင်္ကပ္ပ အမတ်ကြီးက ညွှန်ပြ၏။ အမတ်ကြီး ညွှန်ပြသည့်အတိုင်း ဤအခိုးလေဓာတ်ကား သစ်သီး သစ်ရွက်မှ ဖြစ်သော အခိုးလေဓာတ်၊ ကြက်သား ဝက်သား အမဲငါးမှ ဖြစ်ပေါ်သော အခိုးလေဓာတ်၊ ဤအခိုးလေဓာတ်ကား ထမင်း ဟင်းမှ ဖြစ်ပေါ်သော အခိုးလေဓာတ်ဟု အပိုင်းအပိုင်း အခြား အခြား အထင်အလင်း သိမြင်၏။

ဤကား အငွေ့အခိုးက ဖြစ်ပေါ်သော စက္ခာယတနတည်းဟူသော သမီးတော်ကလေးပါဘုရား၊ ဤကား ဝက်သား ကြက်သား အမဲငါး၏ အခိုးအငွေ့က ဖြစ်ပေါ်သော စက္ခာယတနတည်းဟူသော သမီးတော်ကလေးပါဘုရား၊ ဤကား ထမင်း ဟင်း၏ အခိုးအငွေ့က ဖြစ်ပေါ်သော စက္ခာယတနတည်းဟူသော သမီးတော်ကလေးပါဘုရားဟု ညွှန်ပြ၏။ သမ္မာသင်္ကပ္ပ အမတ်ကြီး ညွှန်ပြသည့်အတိုင်း သမ္မာဒိဋ္ဌိဘုရင်မင်းမြတ်သည် ကြည့်ရှုတော်မူ၏။

ဤကား သစ်သီး သစ်ရွက်က ဖြစ်ပေါ်သော စက္ခာယတနတည်းဟူသော သမီးတော်၊ ဤကား ဝက်သား ကြက်သား အမဲငါး၏ အခိုးအငွေ့က ဖြစ်ပေါ်သော စက္ခာယတနတည်းဟူသော သမီးတော်၊ ဤကား ထမင်း ဟင်း၏ အခိုးအငွေ့က ဖြစ်ပေါ်သော စက္ခာယတနတည်းဟူသော သမီးတော်ဟု အသီးအသီး အခြားအခြား အကန့် အကန့် အပိုင်း အပိုင်း ပြတ်၍ မြင်သိတော်မူ၏၊ ဤသို့ အသီးအသီး အခြား အခြား

အကန့် အကန့် အပိုင်း အပိုင်း ပြတ်၍ ဖြစ်ပေါ်ကြသော စက္ခာယတန၊ အမျိုးအမျိုးကို သိမှု မြင်မှု ထင်မှုသည် မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို ပယ်စွန့်သည် မည်၏ဟု ဟောတော်မူသည်။ သက္ကာယဒိဋ္ဌိကင်းချုပ်က အပါယ်သံသရာကြီး ကင်းပြုတ်၏ဟုလည်း ဟောတော်မူ၏။

စက္ခာယတနံ ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိ ပဇဟတိ၊
မိစ္ဆာဒိဋ္ဌိံ ပဇဟတော စတူဟာပါယေဟိ ဝိပ္ပမုစ္စော။

စက္ခာယတနံ၊ စက္ခာယတနကို။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကို။ ဝါ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်၏။ မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကို၊ ဝါ၊ သက္ကာယဒိဋ္ဌိကို၊ ပဇဟတော၊ ပယ်စွန့်သောသူအား။ စတူဟာပါယေဟိ၊ အပါယ်လေးဘုံတို့မှ။ ဝိပ္ပမုစ္စော၊ အချင်းခပ်သိမ်း ကင်းငြိမ်း၏။

သမ္မာသက်ပ္ပအမတ်ကြီးနှင့်တကွ သမ္မာဒိဋ္ဌိဘုရင်မင်းကြီးသည် နှလုံးအိမ်အတွင်းသို့ ဝင်၍ ကြည့်ရှုကြ၏။ သမ္မာသက်ပ္ပအမတ်ကြီးသည် ဤကား နှလုံးသား၊ ဤကား နှလုံးသွေး၊ ဤကား နှလုံးသွေးပွက်ဟု ညွှန်ပြ၏။ သမ္မာဒိဋ္ဌိဘုရင်လည်း အမတ်ကြီး ညွှန်ပြသည့်အတိုင်း နှလုံးသား၊ နှလုံးသွေး၊ နှလုံးသွေးပွက်တို့ကို ပကတိမျက်စိဖြင့် မြင်သကဲ့သို့ သမ္မာဒိဋ္ဌိဉာဏ်မျက်စိဖြင့် သိမြင်၏။

ဤကား နှလုံးသွေးအခိုး၊ ဤကား နှလုံးသွေးအခိုး၏ ပဘာသယ၊ ပြိုးပြိုး ပြက်ပြက် လက်လက် လင်းလင်းကား စိတ်တရားဟု ညွှန်ပြ၏။ အမတ်ကြီး ညွှန်ပြသည့်အတိုင်း သမ္မာဒိဋ္ဌိဘုရင်မင်းကြီးသည် နှလုံးသွေးအခိုး၊ နှလုံးသွေးအခိုး၏ ပြိုးပြိုးပြက်ပြက်၊ လက်လက် လင်းလင်း ဖြစ်ပျက်၍ နေကြသော နာမ်တရားတို့ကို ပကတိမျက်စိဖြင့် မြင်သကဲ့သို့ သမ္မာဒိဋ္ဌိဉာဏ်မျက်စိဖြင့် သိမြင်၏၊

ဤကား အဆင်းလှလှကို တပ်သောစိတ်ပါဘုရား၊ ဤကား အသံသာသာကို တပ်သောစိတ်ပါဘုရား၊ ဤကား အနံ့သင်းသင်းကို တပ်သောစိတ်ပါဘုရား၊ ဤကား အရသာ ကောင်းကောင်းကို တပ်သောစိတ်ပါဘုရား၊ ဤကား အတွေ့ကောင်းကောင်းကို တပ်သောစိတ်ပါဘုရားဟု ညွှန်ကြား၏။ အမတ်ကြီးညွှန်ကြားတိုင်း သမ္မာဒိဋ္ဌိဘုရင်မင်းကြီးသည် ရှုကြည့်တော်မူ၏။ ကြည့်ရှုပုံကား အဆင်းလှလှကို တပ်သောစိတ်သည် တိမ်ခိုးအတွင်းမှ လျှပ်စစ်ပေါ်သကဲ့သို့၊ နှလုံးသွေးအခိုးအတွင်းမှ လင်းကနဲလင်းကနဲ တလှည့်တကြိမ် ဖြစ်ပေါ်၏။ အသံသာသာကို တပ်သောစိတ်လည်း တိမ်ခိုးအတွင်းမှ လျှပ်စစ်ပေါ်သကဲ့သို့ နှလုံးသွေးအခိုးအတွင်းက တကြိမ် တလှည့် ဖြစ်ပေါ်၏။ ၎င်းနည်းတူ အနံ့ကောင်းကောင်းကို တပ်သောစိတ်၊ အရသာကောင်းကောင်းကို တပ်သောစိတ်၊ အတွေ့ကောင်းကောင်းကို တပ်သောစိတ်၊ ဂုဏ်အသရေ ကောင်းကောင်းကို တပ်သောစိတ်တို့သည် အာရုံခြောက်ပါး၌ အလှည့်လှည့် အကြိမ်ကြိမ် အထပ်ထပ် အပတ်စီဖြစ်ပေါ်ကြ၏ဟု ဒိဋ္ဌမျက်မြင်ကဲ့သို့ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိဖြင့် အတပ်ထင်ထင် သိမြင်၏။ သူ့ဆူသီသူ့အလှည့်ကျက ပန်းသစ်သီးတို့သည် ပွင့်ကြ သီးကြဘိသကဲ့သို့ မှတ်။ တခုသော စံကားဝါပင်သည် တခုနှစ်၌လည်း ပွင့်၏၊ နှစ်ခုနှစ်၌လည်း ပွင့်၏၊ သုံးခုနှစ်၌လည်း ပွင့်၏။ လေးခု-ငါးခုနှစ်၌လည်း ပွင့်၏။ တခုနှစ်၌ပွင့်သော စံကားဝါပွင့်နှင့် ငါးခုနှစ်၌ ပွင့်သော စံကားဝါပွင့်သည် တူကြ၏။ တူကြသော်လည်း တခုနှစ်က စံကားဝါပွင့်တည်းဟု မဆိုသာ၊ တခုနှစ်က စံကားဝါပွင့်သည် တခုနှစ်ကပင် ကြွေကျပျက်စီး လေပြီ၊ တခုနှစ်က စံကားဝါပွင့်သည် ငါးခုနှစ်တိုင်အောင် မကြွေမကျ မြဲ၍ နေသည်ဟူ၍လည်း မဆိုသာ။ အဘယ့်ကြောင့်နည်း၊ ကြွေကျ ပျက်စီးသည်ကို မျက်မြင်ဖြစ်လေသောကြောင့်တည်း။

တဦးသော ယောကျ်ားသည် မိမိမယား၌ တခုနှစ်၌လည်း သာယာစုံမက် နှစ်သက်၏။ နှစ်ခုနှစ်၌လည်း သာယာစုံမက် နှစ်သက်၏။ သုံးခုနှစ် လေးခုနှစ် ငါးခုနှစ်၌ လည်း သာယာစုံမက် နှစ်သက်၏။ တခုနှစ်က သာယာစုံမက် နှစ်သက်သော ရာဂစိတ်နှင့် ငါးခုနှစ်၌လည်း သာယာစုံမက်

နှစ်သက်သော ရာဂစိတ်သည် တူကြ၏။ ရာဂစိတ်ခြင်း တူကြသော်လည်း တခုနှစ်က ရာဂစိတ်ဟု မဆိုသာ၊ တခုနှစ်က ရာဂစိတ်သည် တခုနှစ်ကပင် ချုပ်ဆုံးကြေကျ ပျက်စီးလေပြီ။ တခုနှစ်ကဖြစ်သော ရာဂစိတ်သည်ပင် ငါးခုနှစ်တိုင်ရောက်အောင် ချုပ်ဆုံး ကြေကျခြင်းမရှိပဲ အမြဲတည်ရှိ၍ လိုက်ပါသည်ဟူ၍လည်း မဆိုသာ။ အဘယ့်ကြောင့်နည်းဟူမူ နှလုံးအိမ် လေသိုက်ထဲက ဖြစ်ပေါ်ရသော ရာဂစိတ်၏ ချုပ်ဆုံးကြေကျသည်ကို ဒိဋ္ဌ မျက်မြင် ဖြစ်လေသောကြောင့်တည်း၊

ရန်သူတယောက်မြင်ရာ မနှစ်သက်သော ဒေါသစိတ်ဖြစ်ပေါ်၏။ တခု နှစ်၌ မနှစ်သက်သော ဒေါသစိတ်ဖြစ်ပေါ်၏။ နှစ်ခုနှစ် သုံးခုနှစ် လေးခု နှစ် ငါးခုနှစ်၌လည်း မနှစ်သက်သော ဒေါသစိတ်ဖြစ်ပေါ်၏။ ၎င်း ဒေါသစိတ်တို့သည် တူကြ၏။ သတ္တဝါတို့သည် မိမိ၏ ခြေလက်ဦးခေါင်း တို့သည် တဘဝလုံးမြဲ၍နေဘိသကဲ့သို့ ၎င်းမနှစ်သက်သော ဒေါသစိတ် သည် ကိုယ်သန္တာန်အတွင်း အမြဲတည်ရှိ၍ နေသည်ဟု ထင်မှတ်ကြ၏။ နိစ္စအယူ အထင်ရှိကြ၏။

နှစ်စဉ်အတိုင်း ပွင့်ကြသော ရာသီပန်းတို့သည် တခုနှစ်၌ ပွင့်သော ရာသီပန်းသည် တခုနှစ်၌သာ ကြေကျပျက်စီးသကဲ့သို့ တခုနှစ်၌ မနှစ်သက် သော ဒေါသစိတ်သည် တခုနှစ်၌ ချုပ်ဆုံး ကြေကျပျက်စီး၏။ နှစ်ခုနှစ် သို့ မရောက်။ နှစ်ခုနှစ်၌ ပွင့်သော ရာသီပန်းသည် နှစ်ခုနှစ်၌သာ ကြေကျ ပျက်စီးသကဲ့သို့ နှစ်ခုနှစ်၌ ပွင့်သော ဒေါသစိတ်သည် နှစ်ခုနှစ်၌သာ ကြေကျပျက်စီး၏၊ သုံးခုနှစ်သို့မရောက်။ သူ့နှစ် သူ့ရာသီအခါ၌ ပွင့်ကြသော ရာသီပန်းတို့သည် သူ့နှစ်သူ့ရာသီအကုန်တွင် ကြေကျပျက်စီးသကဲ့သို့သူ့ခဏ သူ့ရာသီ၌ဖြစ်ပေါ်ကြသော မနှစ်သက်သော ဒေါသစိတ်တို့သည် သူ့ခဏ သူ့ရာသီ အကုန်တွင် ချုပ်ဆုံးကြေကျကုန်၏။

ကျောင်းအမကြီးတယောက်သည် မိမိဆရာဘုန်းတော်ကြီးအား နှစ် စဉ်အတိုင်း ဆွမ်းလှူ၏။ သမ္မာဒိဋ္ဌိဘုရင်မင်းကြီးသည် အမတ်ကြီးနှင့်

တကွ သွား၍ ၎င်းကျောင်းအမကြီး၏ နှလုံးအိမ်ထဲသို့ဝင်၍ ရပ်လျက် ကြည့်ကြကုန်၏။

ဤကား တခုနှစ်၌ဆွမ်းလှူခြင်းကိစ္စကို ပြီးမြောက်အောင် ရွက်ဆောင် တတ်သော ကုသိုလ်စေတ်ပါဘုရား၊ ဤကား နှစ်ခုနှစ်၌ ဆွမ်းလှူခြင်း ကိစ္စကို ပြီးမြောက်အောင် ရွက်ဆောင်တတ်သော ကုသိုလ်စေတ်ပါဘုရား၊ သုံးခုနှစ် လေးခုနှစ် ငါးခုနှစ်၌ ဆွမ်းလှူခြင်း ကိစ္စကို ပြီးမြောက်အောင် ရွက်ဆောင်တတ်သောကုသိုလ်စေတ်ပါဘုရားဟု သမ္မာသင်္ကပ္ပအမတ်ကြီးက ညွှန်ပြ၏။ သမ္မာဒိဋ္ဌိ ဘုရင်မင်းကြီးလည်း သုံးသပ်ကြည့်ရှုတော်မူ၏။

တခုနှစ်၌ ဆွမ်းလှူခြင်းကိစ္စကို ပြီးမြောက်အောင် ရွက်ဆောင် တတ်သော ဒါနကုသိုလ်စေတ်သည် နှလုံးအိမ် လေစေတ်အတွင်းက လင်းကနဲ လင်းကနဲ လျှပ်စစ်နွယ်တွေ့ကဲ့သို့ ဖြစ်ပေါ်ကြကုန်၏။ ၎င်းဒါန ကုသိုလ်စေတ်သည် နှစ်ခုနှစ်သို့တိုင်ရောက်အောင် အရှည်အမြဲ တည်စွဲ၍ မလိုက်နိုင်၊ တခုနှစ်၌သာလျှင် ချုပ်ဆုံးရှာလေ၏။ နှစ်ခုနှစ်၌ ဆွမ်းလှူခြင်း ကိစ္စကို ပြီးမြောက်အောင် ရွက်ဆောင်တတ်သော ဒါနကုသိုလ်စေတ်သည် နှလုံးအိမ် အခိုးလေစေတ်အတွင်းက လင်းကနဲ လင်းကနဲ လျှပ်စစ်နွယ် ကဲ့သို့ ဖြစ်ပေါ်ကြကုန်၏။ ၎င်းဒါနကုသိုလ်စေတ်သည် သုံးခုနှစ်သို့တိုင် ရောက်အောင် အရှည်အမြဲ တည်စွဲ၍ မလိုက်နိုင်၊ နှစ်ခုနှစ်၌သာလျှင် ချုပ်ဆုံးကွယ်ပျောက်ကြလေ၏။

သုံးခုနှစ်၌ ဆွမ်းလှူခြင်းကိစ္စကို ပြီးမြောက်အောင် ရွက်ဆောင်တတ် သော ဒါနကုသိုလ်စေတ်သည် နှလုံးအိမ် အခိုးလေစေတ်၏ အတွင်းက လင်းကနဲ လင်းကနဲ လျှပ်စစ်နွယ်ကဲ့သို့ ဖြစ်ပေါ်ကြကုန်၏။ ၎င်းဒါန ကုသိုလ်စေတ်သည် လေးခုနှစ်သို့တိုင်ရောက်အောင် အရှည်အမြဲ တည်စွဲ၍ မလိုက်နိုင်။ သုံးခုနှစ်၌သာ ချုပ်ဆုံးကွယ်ပျောက် ကြလေ၏ဟု နှစ်စဉ် အတိုင်း ကြည့်ရှုလေ၏။

ကျောင်းအမကြီးသည် ငါးနှစ်ကာလပတ်လုံး အမြဲနိစ္စ တည်ရှိသကဲ့သို့ ကျောင်းအမကြီး၏ နှလုံးအိမ် အခိုးလေမာတ်တွင်းက ဖြစ်ပေါ်လာသော ဒါနကုသိုလ်ဓာတ်ကား မမြဲဟု အတပ်ဒိဋ္ဌ သိမြင်ရ၏ဟု သုံးသပ်ကြည့်ရှု၏။ ဤသို့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပမဂ္ဂင် ၂-ပါး ထင်ရှားပွင့်လင်းမှ လော-ကုတ္တရာသမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပမဂ္ဂင် အစစ် ဖြစ်နိုင်၏။ လောကုတ္တရာမဂ္ဂင် အစစ်ဖြစ်မှ နိဗ္ဗာန်သို့ရောက်နိုင်၏ဟု သိမြင်ခြင်းသည် ရူပနိရောဓဂါမိနိ-ပဋိပဒံ ပဇာနာတိ- မည်၏။

စတုတ္ထကောဋ္ဌာသပြီး၏။

ယံ ရူပံ ပဋိစ္စ သုခံ သောမနဿံ၊ အယံ ရူပဿ အဿာဒေါ ဟူသော ပဉ္စမကောဋ္ဌာသ၌-

မိဘနှစ်ပါးကို စွဲ၍ သားတမျိုး သမီးတမျိုး ဖြစ်ပေါ် လာဘိသကဲ့သို့ ရုပ်ကို စွဲ၍ မှီ၍ သုခတမျိုး သောမနဿတမျိုး ဖြစ်ပေါ်လာ၏။ သား တမျိုး သမီးတမျိုးသည် အမိအဖ၏ သာယာဖွယ်၊ နှစ်သက်ဖွယ်ဖြစ်သကဲ့သို့ ဤသုခတမျိုး သောမနဿတမျိုးသည် ရုပ်၏သာယာဖွယ် ရုပ်၏ အစီးအပွားကြီးပေတည်း။

သုခသောမနဿ ဓာတ်နှစ်ပါးတို့၏ စွဲရာမှီရာဖြစ်သော ရုပ်တရားကား-

စက္ခုဝတ္ထုရုပ်၊ ဟဒယဝတ္ထုရုပ်တစုံ၊

သောတဝတ္ထုရုပ်၊ဟဒယဝတ္ထုရုပ်တစုံ၊

ဃာနဝတ္ထုရုပ်၊ ဟဒယဝတ္ထုရုပ်တစုံ၊

ဇိဝှါဝတ္ထုရုပ်၊ ဟဒယဝတ္ထုရုပ်တစုံ၊

ကာယဝတ္ထုရုပ်၊ ဟဒယဝတ္ထုရုပ်တစုံ၊

သက်သက်သော ဟဒယဝတ္ထုရုပ်တစုံ-

ဤ ၆- ပါးသော ဝတ္ထုရုပ်တို့သာ သုခဓာတ်၊ သောမနဿဓာတ် နှစ်ပါးတို့၏ စွဲရာ မှီရာ ရုပ်တို့သာတည်း။

ကြွင်းသော ရုပ်တရားတို့သည် ဝင်းခေတ်နှစ်ပါးတို့၏ စွဲရာ မှီရာ ရုပ်မဟုတ်။

သုခဆိုသည်ကား–ကိုယ်၏ချမ်းသာမှု၊ စိတ်၏ချမ်းသာမှုဟူ၍ နှစ်မျိုးရှိ၏။ ကိုယ်၏ချမ်းသာမှုသုခသည် ကာယဝတ္ထုရုပ်ကိုသာ စွဲ၏၊ မှီ၏။ ကာယဝတ္ထုရုပ်ကသာ ပေါက်ဖွား ပေါ်ထွက်နိုင်၏။ စိတ်၏ ချမ်းသာမှုသုခသည် ဟဒယဝတ္ထုရုပ်မှသာ ပေါက်ဖွားပေါ်ထွက်နိုင်၏။ စိတ်၏ဝမ်းမြောက်မှု ဝမ်းသာမှု သောမနဿခေတ်တပါးသည် ဟဒယဝတ္ထုရုပ်က ပေါက်ဖွားပေါ်ထွက်၏။

အမိကိုမှီ၍ စွဲ၍ သားတမျိုး၊ သမီးတမျိုး ပေါက်ဖွား ပေါ်ထွက်နိုင်၏ ဆိုသော်လည်း အဖတည်းဟူသော အကြောင်းတရားနှင့် ကင်း၍ အမိ၏ အလိုအလျောက် ပေါက်ဖွား ပေါ်ထွက်နိုင်သည် မဟုတ်။ အဖတည်းဟူသော အကြောင်းတရားက သားတမျိုး သမီးတမျိုး ပေါက်ဖွားပေါ်ထွက်အောင် လှုံ့ဆော်မှု၊ ထိခိုက်မှု ရှိမှ သားတမျိုး သမီးတမျိုး ပေါက်ဖွားပေါ်ထွက်နိုင်သည်။

အဖ-က ညှို့ဖျင်းပြုန်လျှင် သားတမျိုး သမီးတမျိုး ပေါက်ဖွားမှုမှ ကင်းရှင်းပြုန်၏။ အဖဖြစ်သူက လှုံ့ဆော်ထိခိုက်မှု သန်လေလေ သားတမျိုး သမီးတမျိုး ပေါက်ဖွားမှုမြန်လေလေမှတ်။

ထို့အတူ ဝတ္ထုရုပ်ခြောက်ပါးကို စွဲ၍ မှီ၍ သုခတမျိုး၊ သောမနဿတမျိုး ပေါက်ဖွားပေါ်ထွက်၏ ဆိုသော်လည်း အကြောင်းဖြစ်သော အာရုံခေတ်ခြောက်ပါးနှင့် ကင်း၍ အလိုအလျောက် ပေါက်ဖွား ပေါ်ထွက်နိုင်သည်မဟုတ်၊ အကြောင်းဖြစ်သော အာရုံခေတ်ခြောက်ပါးက သုခတမျိုး၊ သောမနဿတမျိုး ပေါက်ဖွား ပေါ်ထွက်လောက်အောင် လှုံ့ဆော် ထိခိုက်မှု ရှိမှသာလျှင် သုခတမျိုး၊ သောမနဿတမျိုး ပေါက်ဖွား ပေါ်ထွက်နိုင်သည်။ အကြောင်းဖြစ်သော အာရုံခေတ်က

ညှိုးဖျင်းပြန်လျှင် သုခတမျိုး၊ သောမနဿတမျိုး ပေါက်ဖွားပေါ်ထွက်မှုမှ ကင်းရှင်းပြန်၏။ အကြောင်းဖြစ်သော အာရုံဓာတ်ခြောက်ပါးက လှုံ့ဆော်ထိခိုက်မှု သန်လေလေ သုခသောမနဿ သန်လေလေမှတ်။

အကြောင်းဖြစ်သော အာရုံဓာတ်ခြောက်ပါး လှုံ့ဆော်ထိခိုက်မှု သန်ပုံကား လူချမ်းသာ နတ်ချမ်းသာဟု ဆိုအပ်သော သုခဓာတ်၊ သောမနဿဓာတ် ၂-ပါးကို ထွားထွားမျှားမျှား ကြီးကြီးကျယ်ကျယ် ဖြစ်ပေါ်အောင် လှုံ့ဆော်နိုင်သော အာရုံဓာတ် ခြောက်ပါးသည် အဖိုးထိုက်၏။ ၎င်းသုခဓာတ် သောမနဿဓာတ် ၂-ပါးကို နုံ့နုံ့နည်းနည်း ဖြစ်ပေါ်အောင် လှုံ့ဆော်နိုင်သော အာရုံဓာတ် ခြောက်ပါးသည် အဖိုးနည်း၏။

အကြောင်းဖြစ်သူ အဖက လှုံ့ဆော်ထိခိုက်မှု သန်မာတောင့်တင်းငြားသော်သည်း အမိဖြစ်သူက အရွယ်မမီမရောက် နုံ့နဲ့သေးသိမ်၍ နေပြန်လျှင် သားသမီးမပေါက်ဖွားနိုင်သကဲ့သို့ အကြောင်းဖြစ်သော အာရုံဓာတ်ခြောက်ပါးက အဖိုးထိုက်အဖိုးတန် လှုံ့ဆော်ထိခိုက်မှုသန်မြန်သော်လည်း အမိနှင့်တူသော ဝတ္ထုခြောက်ပါးက အရွယ်မမီ အရွယ်မရောက် နုံ့နဲ့သေးသိမ်၍ နေပြန်လျှင်လည်း သုခတမျိုး၊ သောမနဿတမျိုး ပေါက်ဖွားပေါ်ထွက်မှုမှ ကင်းရှင်းပြန်၏။ ဤသို့ သုခဓာတ်၊ သောမနဿဓာတ် ၂-ပါးတို့၏ အမိသဖွယ်ဖြစ်သော ဝတ္ထုရုပ် ၆ ပါး၏ အဿာဒအချက်ကို သိမှုသည် ပဌမကောသလ္လ အချက်ကြီးပေတည်း။

ပဌမကောသလ္လဋ္ဌာန ပြီး၏။

---

ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ ဟူသော ဒုတိယကောသလ္လ၌—

ခြောက်ပါးသော ဝတ္ထုရုပ်တို့တွင် တပါးပါးသော ဝတ္ထုရုပ်၌ အနိစ္စသဘော ဒုက္ခသဘော ဝိပရိဏာမသဘောဟူသော ကြောက်ဖွယ်

လန့်ဖွယ်ကောင်းသော သဘော ၃-ပါး ၃-ပါးစီရှိ၏။ ထို ၃-ပါးတို့တွင် မိမိကိုယ်ခန္ဓာတွင်းသို့ နေ့စဉ်မပြတ် အာဟာရဓာတ်ဆီ မျိုသွင်းထည့် လောင်းရမှု ၎င်းအာဟာရဓာတ်ဆီကို ကမ္မဇဓာတ်မီးက စုပ်နှုတ်စားသုံး၍ ၇-ပါးသောသန္တတိ အခိုးခလေဓာတ်တို့ကိုလွှတ်မှု၊ ၎င်းအခိုးလေဓာတ်တို့၏ အတွင်းဖြစ်ကြသော ဝတ္ထုရုပ်တို့ကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်အလင်းပေါက်အောင် မြင်နိုင်ပါလျှင် ရူပက္ခန္ဓာ၏ အနိစ္စသဘော ထင်ရှားပေါ်လတ္တံ့။ ၎င်းခြောက်ပါးသော ဝတ္ထုရုပ်သည် အာဟာရဓာတ်ဆီလျှင် မှီရာ တည်ရာရှိ၏။ အာဟာရဓာတ်ဆီနှင့် ကင်း၍ မျက်တောင်တခတ်မျှ မတည်နိုင်။ အာဟာရသည်လည်း ဒုက္ခလျှင် မှီရာ တည်ရာရှိ၏။ ဒုက္ခနှင့်ကင်း၍ အလိုရှိသည့် အလျောက် ဖြစ်ပေါ်ရရှိသော အာဟာရမရှိ၊ ဒုက္ခဟူသည်ကား ကူလီလုပ်မှ ရရှိသော အာဟာရ၊ တောင်သူလုပ်မှ ရရှိသောအာဟာရ၊ မုဆိုးတံငါလုပ်မှ ရရှိသောအာဟာရ၊ သူခိုးဒမြအလုပ်မှ ရရှိသောအာဟာရဟူ၍ မရေမတွက်နိုင် များပြား၏။ ၎င်းအလုပ်စုကား သုခမှုမဟုတ်၊ ဒုက္ခမှုသက်သက်သာတည်းဟု သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်အလင်းပေါက်အောင် မြင်နိုင်ပါမူ ရူပက္ခန္ဓာ၏ ဒုက္ခသဘော ထင်ရှားပေါ်လတ္တံ့။

သန္တတိခေါ်သော အခိုးလေဓာတ်၏အတွင်းမှာ ဖြစ်ပေါ်ရှာကြသော ဝတ္ထုရုပ်ခြောက်ပါးတို့သည် ၉၆-ပါး အနာရောဂါဘေး ထိခိုက်ကျရောက်ခဲ့သော် အဘယ်မျှလောက် သေမှု နာမှု ဖောက်ပြန်ပြောင်းလဲမှု မြန်သည်ကိုလည်းကောင်း၊ ဆင်နင်းခဲ့သော်၊ ကျားကိုက်ခဲ့သော်၊ မြွေကိုက်ခဲ့သော် နာမှု သေမှု ဖောက်ပြန်မှု အဘယ်မျှလောက် မြန်သည်ဟူ၍လည်းကောင်း ကိုယ်တွေ့ မျက်မြင်တို့ကို စုံလင်စွာ ရှာကြံ၍ကြည့်လျှင် ဤကိုယ်ခန္ဓာ၏ ဖောက်ပြန် ပြောင်းလဲမှုတို့သည် ထင်ရှားပေါ်လတ္တံ့။

ဆဋ္ဌမကောသလ္လ ပြီး၏။

ယော ရူပသ္မိံ ဆန္ဒရာဂဝိနယော။ ဆန္ဒရာဂပဟာနံ၊ ဣဒံ ရူပဿ နိဿရဏံ။ ဟူသော သတ္တမကောသလ္လဌာနဉ္စ။

ယော ရူပသ္မိံ အရ၌ ခြောက်ပါးသော ဝတ္ထုရုပ်ကိုယူ။ ပုဂ္ဂိုလ်သည် ခြောက်ပါးသော ဝတ္ထုရုပ်၌ သာယာစွဲလမ်းသော ဆန္ဒရာဂရှိ၏။

အဘယ်ကဲ့သို့ စွဲလမ်းသနည်း။ ငါ၏ကိုယ် ငါ၏အင်္ဂါကြီးငယ်တည်း။ ငါ၏မျက်စိ၊ ငါ၏နား၊ ငါ၏နှာခေါင်း စသည်ဖြင့် သာယာစွဲလမ်း၏။ ငါမြင်သည် ငါကြားသည် ငါနံသည် စသည်ဖြင့် သာယာစွဲလမ်း၏။ ထို ခြောက်ပါးသော ဝတ္ထုရုပ်တရားတို့၌ သာယာစွဲလမ်းသော ဆန္ဒရာဂ မကင်းမကွာ မချုပ်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ခြောက်ပါးသော ဝတ္ထုရုပ်တို့ကို ပြုပြင်ကျွေးမွေး ထိန်းကျောင်းမှုဒုက္ခ မကင်း မငြိမ်း၊ အကြင်အခါ ခြောက်ပါးသောဝတ္ထုရုပ်တို့၏ အနိစ္စဘေး၊ ဒုက္ခဘေး၊ ဝိပရိဏာမဘေးတို့ကို သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ဖြင့် သိမြင်၏။

ထိုအခါ ခြောက်ပါးသောဝတ္ထုရုပ်တို့၌ သာယာစွဲလမ်းသော ဆန္ဒရာဂ ကင်းကွာချုပ်ငြိမ်း၏။ ထိုအခါ၌ ခြောက်ပါးသော ဝတ္ထုရုပ်တရားတို့ကို ကျွေးမွေးထိန်းကျောင်းမှုဒုက္ခ ကင်းငြိမ်း၏။ ဤသို့ ဆန္ဒရာဂ သမုဒယသစ္စာ တဏှာချုပ်ငြိမ်းမှု ဒုက္ခချုပ်ငြိမ်းမှု ၂-ပါးကို နိဿရဏခေါ် အမြတ်ဆုံးနိဗ္ဗာန်ဆိုသည်။

ဤတွင် သတ္တမကောသလ္လဌာန ဖြတ်ပိုင်းဆိုင်းရပ်- အပြီးသတ် သတည်း။

အနမတဂ္ဂသံသရာ၌ ကျင်လည်ပြေးသွား မျောပါးနစ်မွန်း၍ နေကြကုန်သော သတ္တဝါအပေါင်းတို့အား မဟာကမ္ဘာ အသင်္ချေကြာသော်လည်း တကြိမ်တခါမျှ မတွေ့ရနိုင်၊ မကြုံကြိုက်ရနိုင်သည်ဖြစ်၍ အလွန် တွေ့ရခဲလှစွာသော ဗုဒ္ဓုပ္ပါဒ်ခဏ သဒ္ဓမ္မသာဝန ခဏတို့နှင့် ယခု တိုက်ဆိုင် တွေ့ဆုံ ကြုံကြိုက်၍ နေကြကုန်သော သူတို့အား ထိုတွေ့ဆုံ ကြုံကြိုက်ခဲ

လှသော ဗုဒ္ဓုပ္ပါဒခဏ၊ သဒ္ဓမ္မသာဝနခဏတို့၏ နှစ်ဆီသြဇာ အရသာကို သုံးဆောင်ခံစံကြစေရန် ရည်သန်သောစိတ်ထားနှင့် ၇-ပါးသော ဉာဏ် အချက်ရှိသော သတ္တဌာနကောသလ္လ ဓမ္မဒေသနာကို ဆိပ်ခွန်ရွာရှေ့ ဝိသုကာရာမတိုက်၌ ဝါကပ် သီတင်းသုံးနေထိုင်သော မြန်အောင် ဆရာ ဘုန်းတော်ကြီးသည် ၁၂၇၆-ခုနှစ် ဝါဆိုလဆုတ် ၁၅-ရက်နေ့ တရားဟော ရာဌာန၌ များစွာသော ပရိသတ်တို့ကို ထုတ်ဖော်ဟောပြရာ ကြည်ညို အားရ ရွှင်ပျသောစိတ် နှစ်သက်မြတ်နိုးသော စိတ်ရှိကြသူ လူအပေါင်း တို့တွင် ဆိပ်ခွန်ရွာနေ ဆရာကြီး ဦးစံဘော်၊ ဦးရွှေတုတ်တို့သည် ၎င်း သတ္တဌာနကောသလ္လ ဒေသနာကို အကျဉ်း မှတ်သားနိုင်လောက်ရုံမျှ ရေးသားကယ်မတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်သည်ဖြစ်၍ မြန်အောင် ဘုန်းတော်ကြီးသည် အနည်းငယ်မျှ ဖော်ပြရေးသားလိုက် သော သတ္တဌာနပကာသနီရှုဖွယ်ပြီး၏။

# ဧကာဒသကာယဒီပက ရှုဖွယ်ကျမ်း

### သတိပဋ္ဌာန်ပါဠိတော်လာ ဣရိယာပထ သမ္ပဇည အချက်တို့၌ ဝိပဿနာအလုပ် အားထုတ်ရပုံကို ပြဆိုဦးအံ့

ဂမနေ ဌိတေ၊ နိသိန္နေ သမ္ပဇာနကာရီ ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ၊ သမ္ပဇာနကာရီ ဟောတိ၊ ဘာသိတေ•တုဏှီဘာဝေ• သမ္ပဇာနကာရီ ဟောတိ။

ဟူသော သတိပဋ္ဌာန် ပါဠိတော်နှင့်အညီ ခရီးသွားသောအခါ လက်ကို ကွေးသောအခါ ဆန့်သောအခါ စကားပြောဆိုသောအခါ အစရှိသည် တို့၌ ပညာဖြင့် ဆင်ခြင်စုံစမ်း ထောက်လှမ်းရမည်ဟူသော ဘုရားရှင် အမိန့်တော်နှင့်အညီ ပညာဖြင့် ထောက်လှမ်းစုံစမ်း ဆင်ခြင်ပုံကို ပြဆို ဦးအံ့။

ဂမနစိတ္တံ၊ သင်္ကန်းလျှူဒါန်း ဆက်ကပ်လို၍ ကျောင်းသို့သွားသော အခါသမယ၌။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသော။ နာမရူပံ၊ ဟဒယဝတ္ထုရုပ် သင်္ကန်းလျှူဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားလိုသော စိတ်ဟု ဆိုအပ် သော နာမ်ရုပ်တရားနှစ်ပါးကို။ သံသုဋ္ဌု၊ ကောင်းစွာ။ ပကာရေန၊ အပြားအားဖြင့်။ ဇာနာတိ၊ သိ၏။

ကထံ ဇာနာတိ၊ အဘယ်ကဲ့သို့သိပါသနည်း။

မဂ္ဂဉ္စ၊ ခရီးလမ်းမြေသည်လည်း။ ဧကံ၊ တခု။ ပါဒစလနဝါယောဓာတုစ၊ ခြေကို ထကြွ လှုပ်ရှားစေတတ်သော အခိုးလေဓာတ် အငွေ့လေဓာတ် သည်လည်း။ ဧကံ၊ တခု။ ဂမနစိတ္တဉ္စ၊ သင်္ကန်းလျှူဒါန်းဆက်ကပ်လို၍ ကျောင်းသို့ သွားလိုသော စိတ်သည်လည်း။ ဧကံ၊ တခု။ ဟဒယဝတ္ထုရူပဉ္စ၊

ဟာဒယဝတ္ထုရုပ်သည်လည်း။ ကော်၊ တခု။ ဝတ္ထုသန္တတိဓမ္မရူပဥ္စ၊ ဝတ္ထုသန္တတိ ခေါ်သော အခိုးရုပ်သည်လည်း။ ကော်၊ တခု။ ပါစကင်္ဂဇီဝိတနဝရူပဥ္စ၊ ဝမ်းမီးခေါ်သော ဇီတနဝက ကလာပ်ရုပ်သည်လည်း။ ကော်၊ တခု။ အတီ-တဘဝေ၊ ရှေးရှေးဘဝ အတိတ်ကာလက။ ကတံ၊ ပြုခဲ့ကြသော ပုည ကမ္မဥ္စ၊ ကောင်းမှုကုသိုလ်ကံသည်လည်း။ ကော်၊ တခု။ အဝိဇ္ဇာ တဏှာ ဥပါ-ဒါနဥ္စ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်သည်လည်း။ ကော်၊ တခု။ ဣတိ၊ ဤသို့။ နဝဟိ၊ ကိုးပါးကုန်သော။ ဝါ၊ ကိုးပဗ္ဗတို့ကို။ ပကာရေန၊ အပြားအားဖြင့်။ ဇာနာတိ၊ သိ၏။

အဓိပ္ပာယ်ကား။ ။သမ္ပဇာနကာ ရှိဟူသောပုဒ်၌ သံပုဒ်-ပပုဒ် ဇာ တပုဒ်အားဖြင့် သုံးပုဒ်ရှိ၏။ ထို သုံးပုဒ်တွင် သံ-သဒ္ဒါဖြင့် သုဋ္ဌု ကောင်း သောအနက်ကို ဟောသည်။ ပ-သဒ္ဒါဖြင့် ပကာရ အပြားဟူသောအနက် ကို ဟောသည်။ ဇာ-သဒ္ဒါဖြင့် ကိုးပါးသောအခြင်းအရာ ကိုးပါးသော ပဗ္ဗတို့ကို သိ၏ဟူသော အနက်တို့ကို ဟောသည်။ ကိုးပါးသော ပဗ္ဗဟူ သည်ကား အဝိဇ္ဇာ တဏှာ ဥပါဒါန်ကား တပဗ္ဗ၊ ဝိပဿီ၊ သိခီအစရှိသော ရှေးရှေးသော ဘုရားရှင်တို့ လက်ထက်က ပြုခဲ့ကြသော ကောင်းမှု ကုသိုလ်ကံတို့သည်တပဗ္ဗ၊ ဇီဝိတနဝကကလာပ် ပါစကဓာတ်မီးသည် တပဗ္ဗ၊ ဝတ္ထုသန္တတိအခိုးရုပ်သည် တပဗ္ဗ၊ ဟဒယဝတ္ထုရုပ်သည် တပဗ္ဗ၊ သက်န်း လျှိုဒါန်းလို၍ ကျောင်းသို့ သွားလိုသော ဂမန စိတ်သည် တပဗ္ဗ၊ ခြေကို လှုပ်ရှားစေတတ်သော အခိုးလေဓာတ်၊ အငွေ့လေဓာတ်သည် တပဗ္ဗ၊ ခြေလှုပ်ခြင်းသည် တပဗ္ဗ၊ ခရီးလမ်းမြေသည် တပဗ္ဗ၊ ဤသို့အားဖြင့် ကိုးပဗ္ဗ ကိုးပုံကိုးဆယ်ရှိ၏ဟုဆိုလိုသည်။

ပ သဒ္ဒဿ၊ ပ သဒ္ဒါ၏။ အတ္ထံ၊ အနက်ကို။ ဒဿေတွာ၊ ပြပြီး၍။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ သံ သဒ္ဒဿ၊ သံသဒ္ဒါ၏အနက်ကို။ ဒဿေန္တော၊ ပြလိုတော်မူသော်။ အာစရိယော၊ အဋ္ဌကထာဆရာသည်။

အဝိဇ္ဇာတဏှုပါဒါနံ ကမ္မံဟေတု စတုဗ္ဗိဓော၊ တေသဉ် ဂမန-စိတ္တဿ နာမရူပံ ပစ္စယံ ဘဝေတိ။ နာမရူပံ ပစ္စယံ ဘဝေ-ဟူ၍ အာဟ၊ မိန့်ဆိုတော်မူအပ်ပြီ။

**အနက်ကား။** ။တေသာ ဂမနစိတ္တဿ၊ ထိုသွားလိုသောစိတ်၏။ဟေတု၊ ဖြစ်ကြောင်းဖြစ်စေတတ်သော အကြောင်းကား။ အဝိဇ္ဇာဥ၊ အဝိဇ္ဇာလည်းကောင်း။ တဏှာစ၊ တဏှာလည်းကောင်း။ ဥပါဒါနဥ္စ၊ဥပါဒါန်လည်းကောင်း။ ကမ္မဥ္စ၊ ကံလည်းကောင်း၊ဣတိ၊ ဤသို့။စတုဗ္ဗိဓော၊လေးပါးအပြားရှိသည်။ ဘဝေ၊ ဖြစ်၏။ နာမရူပံ၊ နာမ်ရုပ်တရားနှစ်ပါးသည်။ တေသာ ဂမနစိတ္တဿ၊ ထိုသွားလိုသောစိတ်အား။ ပစ္စယော၊ ထောက်ပံ့စေတတ်သော အကြောင်းသည်။ ဘဝေ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား။** ။သင်္ကန်းလျှာဒါန်းဆက်ကပ်လို၍ ကျောင်းကိုသွားလိုသော ဂမနစိတ်၌ အကြောင်းငါးချက်ရှိ၏ဟုဆိုလိုသည်။ အကြောင်းငါးချက်ဟူသော်ကား။ အဝိဇ္ဇာအကြောင်းတချက်၊ တဏှာအကြောင်းတချက်၊ ဥပါဒါန်အကြောင်းတချက်၊ ကံအကြောင်းတချက်။ နာမ်ရုပ်အကြောင်းတချက်အားဖြင့် အကြောင်း ငါးချက်ဖြစ်သတည်း။ ထိုအကြောင်းငါးချက်တို့သည် သင်္ကန်းလျှာဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားသော ဂမနစိတ်၌ ထောက်ခံ စောင့်ရှောက်၍နေပုံကို ပြဆိုဦးအံ့။

၁။ အဝိဇ္ဇာသမုဒယာ၊ ဂမနစိတ္တသမုဒယော ဟောတိ။ ။

အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ဂမနစိတ္တသမုဒယော၊ သင်္ကန်းလျှာဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားလိုသောစိတ်၏ ဖြစ်ပွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ ဂမနစိတ္တသမုဒယော၊ သင်္ကန်းလျှာဒါန်းဆက်ကပ်လို၍ ကျောင်းသို့ သွားလိုသော စိတ်၏ဖြစ်ပွားခြင်းသည်၊ ကထံဟောတိ၊ အဘယ်ကဲ့သို့ဖြစ်ပေါ်ပါသနည်း။

အဝိဇ္ဇာဟေတု၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ ကုသလာကုသလကမ္မံ၊ ကုသိုလ်ကံ အကုသိုလ်ကံသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏၊ ကုသလာ ကုသလကမ္မပစ္စယာ၊ ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော

အကြောင်းကြောင့်။ ပါစကဂ္ဂိဇီဝိတနဝကရုပ်၊ ဝမ်းမီးခေါ်သော ဇီဝိတနဝကကလာပ် ရုပ်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။ ပါစကဂ္ဂိဇီဝိတနဝကရုပ်၊ဝမ်းမီးခေါ်သော ဇီဝိတနဝကကလာပ်ရုပ်ကို။ ပဋိစ္စ၊ စွဲမှီ၍။ ဝတ္ထုသန္တတိဓမ္မရုပ်၊ ဝတ္ထုသန္တတိခေါ်သော အခိုးရုပ်သည်။သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။ ဝတ္ထုသန္တတိဓမ္မရုပ်၊ ဝတ္ထုသန္တတိခေါ်သော အခိုးရုပ်ကို။ပဋိစ္စ၊ စွဲ၍မှီ။ ဟာဒယဝတ္ထုရုပ်၊ ဟာဒယဝတ္ထုရုပ်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။ ဝတ္ထုံဓမ္မာရမ္မဏံ၊ ဟာဒယဝတ္ထုရုပ် ဓမ္မာရုံကို။ ပဋိစ္စ၊ စွဲမှီ၍။ ဂမနစိတ္တံ၊ သက်န်းလျှုဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားလိုသော ဂမနစိတ်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။ ဂမနစိတ္တံ၊ သက်န်းလျှုဒါန်း ဆက်ကပ်လို၍ ကျောင်းသို့သွားလိုသော ဂမနစိတ်ကို။ ပဋိစ္စ၊စွဲမှီ၍။ ပါဒစလနဝါယောဓာတု၊ ခြေကိုထကြွလှုပ်ရှားစေတတ်သော အခိုးလေဓာတ် အငွေ့လေဓာတ်သည်။သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။ ပါဒစလနဝါယောဓာတုံ၊ ခြေကိုထကြွလှုပ်ရှားစေတတ်သော အခိုးလေဓာတ် အငွေ့လေဓာတ်ကို။ပဋိစ္စ၊ စွဲမှီ၍။ပါဒစလနံ၊ခြေလှုပ်ခြင်းသည်။ သမ္ဘဝတိ၊ဖြစ်ပေါ်လာ၏။ပါဒစလနံ၊ခြေလှုပ်ခြင်းကို။ပဋိစ္စ၊စွဲမှီ၍။ဂမနကိစ္စံ၊သက်န်းလျှုဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားလိုသောကိစ္စသည်။ နိဗ္ဗာယတိ၊ ပြီးဆုံး၏။ ဣတိ၊ဤသို့။အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ ဂမနစိတ္တသမုဒယော၊ သက်န်းလျှုဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားလိုသော ဂမနစိတ်၏ ဖြစ်ပွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

၂–တဏှာသမုဒယာ၊ ဂမနစိတ္တသမုဒယော ဟောတိ။

၃–ဥပါဒါနသမုဒယာ၊ဂမနစိတ္တသမုဒယော ဟောတိ။

၄–ကမ္မသမုဒယာ၊ဂမနစိတ္တသမုဒယော ဟောတိ။

၅–နာမရူပသမုဒယာ၊ဂမနစိတ္တသမုဒယော ဟောတိ။

နာမရူပသမုဒယာ၊နာမ်ရုပ်ဟူသော အကြောင်းကြောင့်။ ဂမနစိတ္တသမုဒယော။သက်န်းလျှုဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားလိုသောဂမနစိတ်၏ ဖြစ်ပွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**နာမရူပသမုဒယာ၊နာမ်ရုပ်ဟူသောအကြောင်းကြောင့်၊ ဂမနစိတ္တသမုဒ-ယော၊** သက်န်းလျှုဒါန်း ဆက်ကပ်လို၍ ကျောင်းကိုသွားလိုသော ဂမနစိတ်၏ဖြစ်ပွားခြင်းသည်။ ကထံ ဟောတိ၊ အဘယ်ကဲ့သို့ဖြစ်ပါသနည်း။

နာမရူပံ၊ နာမ်ရုပ်တရားနှစ်ပါးကို။ ပဋိစ္စ၊ စွဲမှီ၍။ ဂမနစိတ္တံ၊ သက်န်းလျှုဒါန်း ဆက်ကပ်လို၍ ကျောင်းသို့ သွားလိုသော ဂမနစိတ်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။ ဂမနစိတ္တံ၊ သက်န်းလျှုဒါန်း ဆက်ကပ်လို၍ ကျောင်းသို့သွားလိုသောဂမနစိတ်သည်။သမ္ဘဝတိ၊ဖြစ်ပေါ်လာ၏။ ဂမန-စိတ္တံ၊ သက်န်းလျှုဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားလိုသောစိတ်ကို။ ပဋိစ္စ၊စွဲမှီ၍။ပါဒစလနဝါယောဓာတု၊ခြေကိုထကြွလှုပ်ရှား စေတတ်သော အခိုးလေဓာတ် အငွေ့လေဓာတ်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။ ပါဒစလနဝါယောဓာတု၊ခြေကိုထကြွလှုပ်ရှားစေတတ်သောအခိုးလေဓာတ် အငွေ့လေဓာတ်ကို။ ပဋိစ္စ၊ စွဲမှီ၍။ ပါဒစလနံ၊ ခြေလှုပ်ခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။ ပါဒစလနံ၊ ခြေလှုပ်ခြင်းကို။ ပဋိစ္စ၊ စွဲမှီ၍။ ဂမနကိစ္စံ၊ သက်န်းလျှုဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားသောဂမနကိစ္စသည်။ နိဗ္ဗာယတိ၊ ပြီးဆုံး၏။ ဣတိ၊ ဤသို့။ **နာမရူပသမု-ဒယာ၊**နာမ်ရုပ်ဟူသောအကြောင်းကြောင့်။ဂမနစိတ္တသမုဒယော၊ သက်န်းလျှုဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားလိုသော ဂမနစိတ်၏ ဖြစ်ပွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**သမုဒယဓမ္မာနုပဿီ** ဝါ၊ ဂမနစိတ္တသ္မိံ ဝိဟရတိ၊

ဂမနစိတ္တသ္မိံ၊ သက်န်းဆက်ကပ်လျှုဒါန်း ဆက်ကပ်လို၍ ကျောင်းသို့ သွားလိုသော ဂမနစိတ်၌။ သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်းကိုအဖန် တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

သက်န်းလျှုဒါန်းဆက်ကပ်လို၍ ကျောင်းသို့သွားလိုသော ဂမနစိတ်၌ ဝင်္ဂသုံးပါးစဉ်တန်းလျက်နေပုံကို ပြဆိုဦးအံ့။

အဝိဇ္ဇာစ၊ သစ္စာလေးရပ် ကြောင်းကျိုးဓာတ်ကို မသိတတ်သော အဝိဇ္ဇာလည်းကောင်း။တဏှာစ၊ ကာမ ရူပ အရူပဟူသော ဘဝသုံးပါးကို

တောင့်တ တွယ်တာတတ်သော တဏှာလည်းကောင်း။ ဥပါဒါနဥ္စ၊ အစွဲပြင်းထန် ဥပါဒါန်လည်းကောင်း။ တယော၊ သုံးပါးကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ကိလေသဝဋ္ဋံ၊ ကိလေသဝဋ်မည်၏။

တေန ဉာဏေန၊ ထိုကိလေသဝဋ်ကို သိသောဉာဏ်ဖြင့်။ သဿတာ-စရိယဂဏာတော၊ သဿတဆရာကြီးတို့၏ ဂိုဏ်းမှ။ နိက္ခန္တံ၊ ထွက်သော။ ရူပဝန္တံဝါတိအာဒိကံ၊ ရူပဝန္တံဝါ ဤသို့ အစရှိသော။ ပန္နရသ အတ္တဒိဋ္ဌိံ၊ တဆယ့်ငါးပါးသော အတ္တဒိဋ္ဌိကို။ ဝါ၊ တဆယ့်ငါးပါးသော သက္ကာယ-ဒိဋ္ဌိကို။ ပဟာနာတိ၊ ပယ်သတ်၏။ ဤကား ကိလေသာဝဋ်ဖြင့် သက္ကာဒိဋ္ဌိ ၁၅-ပါးကို ပယ်သတ်နိုင်၏။

ကုသိုလ်ကံသည် ကမ္မဝဋ်မည်၏။ ထိုကမ္မဝဋ်ကို သိသောဉာဏ်ဖြင့် ဥစ္ဆေဒ-ဒိဋ္ဌိစွဲလမ်းသော ငါးပါးသော သက္ကာယဒိဋ္ဌိကို ပယ်သတ်၏။ ကိလေသ-ဝဋ် ကမ္မဝဋ် နှစ်ပါးဖြင့် သက္ကာယဒိဋ္ဌိ (၂၀) ကိုပြုတ်၏။

ဆောင်။ ။ ကိလေသဝဋ် ပယ်သတ်ချွတ်၊ လွတ်ငြိမ်း သဿတာ။
ကမ္မဝဋ်က၊ ပယ်သတ်ချ၊ လွတ်ထဥစ္ဆေဒါ။
အယူ-၂-ပါး၊ ကင်းလွတ်သွား၊ ပေါက်ပြောက်ငြားမဂ်သောတာ။

ပါစကဂ္ဂိ ဇီဝိတနဝကရူပဥ္စ၊ ဝမ်းမီးခေါ်သော ဇီဝိတနဝကကလာပ်ရုပ်လည်းကောင်း။ ဝတ္ထုသန္တတိခုမရူပဥ္စ၊ ဝတ္ထုသန္တတိခေါ်သော အခိုးရုပ်သည်းကောင်း၊ ဟဒယဝတ္ထုရူပဥ္စ၊ ဟဒယဝတ္ထုရုပ်လည်းကောင်း။ ဂမနစိတ္တဥ္စ၊ သက်နှင်းလှုပ်ဒါန်း ဆက်ကပ်လို၍ ကျောင်းသို့ သွားလိုသော စိတ်လည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ ပါကာဓမ္မာ၊ ဤ အသက်ရှိသော တရားတို့သည်။ ဝိပါကာဝဋ္ဋံ၊ ဝိပါက ဝဋ်မည်၏။ တသ္မိံ ဝိပါကာဝဋ္ဋေ၊ ထို ဝိပါက ဝဋ်တရား၌။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာကို။ ဉာဏေန၊ သိသောဉာဏ်ဖြင့်။ တဏှာမာန်၊ တဏှာတရား မာနတရားကို။ ပဟာနာတိ၊ ပယ်သတ်၏၊

ထိုအတူ ဆွမ်းယန်းကန်ကို ယူသောစိတ်၊ တရားကို ရွတ်ဆိုလိုသော စိတ်တို့လည်း ကျောင်းသို့ သွားလိုသောစိတ် ရှုသည့်အတိုင်း ရှုဆင်ခြင်ကြ ပါလေ သူတော်ကောင်းတွေတို့။

ထိုတရားအပေါင်းတို့ကို ရအောင်ကျက်ပြီးလျှင် အရင်းကစ၍အဖျား သို့ ရောက်အောင် အဖျားကစ၍ အရင်းသို့ရောက်အောင် ကြိုးစား အားထုတ်၍ နေသော ယောဂီပုဂ္ဂိုလ်သည် လောကီ, လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ရနိုင်ကုန်သည်။

**လောကီအကျိုးမှာ။** ။ဤ တရားတော်မြတ်ကြီးကို ရရှိသဖြင့် ရွတ်ဖတ် သာရဇ္ဈာယ်ကြကုန်သော သူတို့သည် **အကယ်၍** သဘောအဓိပ္ပါယ်တို့ကို ဉာဏ်ပညာ မသက်ဝင်နိုင်သေးသော်လည်း ယုံကြည်သော သဒ္ဓါတရား ရွတ်ဖတ်သရဇ္ဈာယ်တိုင်း သရဇ္ဈာယ်တိုင်း တိုးပွား၍သွားပါက ဘုရားဟော တရားတော်မြတ်ကြီး စင်စစ်အမှန် ဖြစ်သဖြင့် မကောင်းသောဘေးဆိုး၊ ကပ်ဆိုး၊ ဥပဒ်ဆိုး၊ အန္တရာယ်ဆိုး တိတ်,နိမိတ်,ဂြိုဟ်စီးဒသာ ကြမ္မာစသည်တို့၏ အကျိုးယုတ်တို့ကို အစွမ်း ကုန် တွန်းလှန်ဖြိုဖျက်လျက် ကောင်းမြတ်သော လောကီမင်္ဂလာ ကျက်သရေအဖြာဖြာတို့နှင့်တကွ မိတ်ဆွေကောင်း သားကောင်း သမီး ကောင်း အခြွေအရံကောင်းတို့ကို ရတတ်စေခြင်း, ပါရမီတရား အဓိကာ-ရ နည်းပါးသော သူတို့မှာ ပါရမီတရား မြင့်မြတ်ကြီးထွားလျက် နိဗ္ဗာန် မဝင်စံသေးမီ နတ်ဘုံတို့၌ ဖြစ်သော်လည်း လျှင်မြန်စွာ နတ်သက်ကို ကုန်စေတတ်သော ခိဍ္ဍာပဒေါသိကနတ်၊ မနောပဒေါသိက နတ်မျိုးတို့၌ မဖြစ်စေပဲ အသက်အပိုင်းအခြား ရှိသလောက်သော နတ်သက်တို့ကို ကောင်းစွာနေထိုင်နိုင်ကြရသဖြင့် စည်းစိမ်တို့ကို ကောင်းစွာစံစားရလျက် တဆင့်ထက်တဆင့် မြင့်ထက်မြင့် မြတ်ထက်မြတ်သော ဘုံဘဝ အမျိုး အနွယ် စည်းစိမ်တို့ကို ခံစားရခြင်း၊ လူတို့၏ ဘုံ၌ာနေ၌ ဖြစ်သော်လည်း အခြားသူတို့ထက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အမျိုးမြတ်ခြင်း၊ အတတ်ပညာရလွယ်ခြင်း၊ စည်းစိမ်ဥစ္စာ ရတနာဂုဏ်စသည်တို့နှင့် ပြည့်စုံ

ခြင်း၊ မကောင်းသောဘေးအန္တရာယ် အသွယ်သွယ်တို့ကို မဖြစ်စေခြင်း စသော များစွာသောအကျိုးထူး အကျိုးမြတ်တို့ကို ခံစားနိုင်ခြင်း။

လောကုတ္တရာအကျိုးမှာ။ ။ထို တရားတော်မြတ်ကြီးကို နေ့စဉ်မပြတ် အထပ်ထပ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကြောင့် ပါရမီ အဓိကာရ ရှိသောသူတို့မှာ မှန်ကန် ကောင်းမြတ်သော တရား ဘုရားစကားတော်မြတ်ကြီး ဖြစ်သဖြင့် နှစ်သက်ယုံကြည်ခြင်း သဒ္ဓါ တရား ရှေ့သွားရှိသော သဒ္ဓါနုသာရီ သောတာပန်မျိုး, ဟောတော် မူတိုင်းသော ဟရားတော်မြတ်ထက် မလွန်သောပညာဖြင့် သုံးသပ်ခြင်းငှာ ခံသော ဓမ္မာနုသာရီသောတာပန်မျိုးတို့၌ ယခုဘဝ ပစ္စက္ခ၌ပင် ဖြစ်စေ နိုင်ခြင်း။

အကယ်၍ တဏှာညှိစေး ညစ်ကြေးပေလတ် လိမ်းကပ်ငြိတွယ်၍ နေပါက စုတိခါနီး အခါကာလ မရဏဒုက္ခကို တွေ့ကြုံခံစားရသဖြင့် ထို ဝေဒနာကို မမြဲသော အစိုးမရသော အဖြစ်ကြောင့် ခံစားရပေသည်။

ဤကဲ့သို့ နာမ်, ရုပ်ရှိပါက ထိုကဲ့သို့သော သဘောတရားမျိုးတို့ကို မုချကေန် အမှန်ခံစားရပေမည်။ နိဗ္ဗာန်မှတပါး ချမ်းသာသော မြဲသော သဘောတရား မရှိဟု ဆုံးဖြတ်နိုင်လျက် ဝေဒနာသမသီသီ,ဇီဝိတသမသီသီ အဖြစ်ဖြင့် မဂ်ရ ဖိုလ်ရ ပုဂ္ဂိုလ်မျိုးတို့၌ဖြစ်နိုင်ခြင်း။

အကယ်၍ ထိုကဲ့သို့ မဖြစ်မရ မရောက်ခဲ့သော် ဘုရား၏စကား တရား တော်မြတ်ကြီး စင်စစ် မှန်ကန်စွာကို ရွတ်ဖတ်သရဇ္ဈာယ်ရခြင်းကြောင့် သုဂတိဘုံသားတို့ သူတကာတို့ထက် အောက်ကျသော ဖါး၊ နွား၊ လင်း နို့ တို့ ဟကြိမ်မျှ ကြားနာရရုံကလေးမျှတောင် ဒုတိယဘဝ သုဂတိဘုံသား အဖြစ်နှင့် ကြားနာရသောအခါ ကျွတ်တန်းကို ရနိုင်ကြရသေးသည်ကို ထောက်သဖြင့် ငါတို့မှာ ကေန်မုချ ဒုတိယဘဝ ဤဘုရားသာသနာ၌ပင် ကျွတ်တန်းဝင်နိုင်ရမည်ဟု ယုံကြည်ထိုက်ခြင်း။

ဆုကြီးပန် ပုဂ္ဂိုလ်တို့ဖြစ်ပါက ထိုတရားတော်မြတ်ကြီးကို ရ,ရှိတ်ဆောင် ရွက် သရဇ္ဈာယ်ရခြင်းကြောင့် နောင်ကာလ အဆုံးဘဝ၌ ချမ်းသာသော အကျင့် လွယ်လင့်သော အသိဉာဏ်တို့ ထို့အတူကောန်မုချ အမှန်ရခြင်း စသော အတိုင်းမသိသော ကျေးဇူးဂုဏ်အင် အာနိသင် အမျိုးမျိုး လောကီ လောကုတ္တရာ အကျိုးတို့ကို မျှော်ကိုး ထောက်ဆား ယုံကြည် သောသဒ္ဓါတရားဖြင့် ကြိုးစား၍ ကျက်ကြ၊ ရှိတ်ကြ၊ ကျင့်ကြပါလေ အမျိုးကောင်း သားသမီးတွေတို့။

## အနိစ္စသညာက ဒိဋ္ဌိတို့ကိုပယ်နိုင်ကြောင်း,

ထိုသို့ အနိစ္စသညာက မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိတို့ကို ပယ်နိုင်ပါ၏လောဟု မေးခဲ့သော် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတပါး က—

"ကထံ နုခေါ ဘန္တေ ဇာနတော ကထံ ပဿတော မိစ္ဆာဒိဋ္ဌိ ပဇဟတိ၊ သက္ကာယဒိဋ္ဌိ ပဇဟတိ၊ အတ္တာနုဒိဋ္ဌိ ပဇဟတိ။"ဟု မေး လျှောက်ရာ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက—

"စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော မိစ္ဆာ- ဒိဋ္ဌိ ပဇဟတိ၊ သက္ကာယဒိဋ္ဌိ ပဇဟတိ၊ အတ္တာနုဒိဋ္ဌိ ပဇဟတိ။"ဟု မိန့်တော်မူသည်။

ဘန္တေ၊ ဘုန်းတော်ကြီးတဲ့ အရှင်ကိုယ်တော်မြတ်ကြီးဘုရား။ ကထံ၊ အဘယ်သို့။ဇာနတော၊ ပိုင်ပိုင်မိမိ သိရှိသောသူအား။ ကထံ ပဿတော၊ ပိုင်ပိုင်ထင်ထင် သိမြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ အယူမှားကို။ ပဇဟတိနု၊ ပယ်နိုင်ပါသလဲဘုရား။ သက္ကာယဒိဋ္ဌိ၊ ထင်ရှားအပြော ကွဲပြား အမြင်

မှားကို။ ပဇဟာတိနု၊ ပယ်နိုင်ပါသလဲဘုရား။ အတ္တာနုဒိဋ္ဌိ၊ ငါမဟုတ်ပဲ ငါဟု စွဲသော အယူမှားကို။ ပဇဟာတိနု၊ ပယ်နိုင်ပါသလဲဘုရား။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက—

ဘိက္ခု၊ ဘေးကိုကြောက်တတ်တဲ့ ရဟန်း။ စက္ခုံ၊ မျက်စိဟုမည် ရုပ်အကြည်ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ဇာနတော၊ အနိစ္စ ဝိပဿ-နာဉာဏ်ဖြင့် ပိုင်ပိုင်မိမိ သိရှိသော သူအား။ ပဿတော၊ အနိစ္စဝိပဿနာဉာဏ်ဖြင့် ပိုင်ပိုင်လင်ထင် သိမြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ အယူမှားကို။ ပဇဟာဟိ၊ အဟုတ်ကေန် အမှန်ပယ်စွန့်နိုင်၏။ သက္ကာယဒိဋ္ဌိ၊ သဘောနှင့် အပြော မကွဲမပြား အမြင်မှားကို။ ပဇဟာတိ၊ အဟုတ်ကေန် အမှန်ပယ်စွန့်နိုင်၏။ အတ္တာနုဒိဋ္ဌိ၊ ငါမဟုတ်ပဲ ငါဟုစွဲသော အယူမှားကို။ ပဇဟာတိ၊ အဟုတ်ကေန် အမှန်ပယ်စွန့်နိုင်၏။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ယုံကြည်သဖြင့် ပွားများအားထုတ်ပါလေ။

ပွားများက 'မှန်ပါပေသည်'ဟု ထိုတရားက ဝန်ခံပါလိမ့်မည်။

ရဟန်းတပါးက—

"ကထံ နု ခေါ ဘန္တေ ဇာနတော၊ ကထံ ပဿတော ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ အဝိဇ္ဇာ ပဟီယတိ၊ သံယောဇနာ ပဟီယန္တိ၊ သံယောဇနံ သမုဂ္ဃါတံ ဂစ္ဆန္တိ၊ အာသဝါ ပဟီယန္တိ၊ အာသဝါ သမုဂ္ဃါတံ ဂစ္ဆန္တိ။"ဟု မေးလျှောက်ထားရာ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက—

"စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ အဝိဇ္ဇာ ပဟီယတိ၊ သံယောဇနာ ပဟီယန္တိ၊ သံယောဇနာ သမုဂ္ဃာတံ ဂစ္ဆန္တိ၊ အာသဝါ ပဟီယန္တိ၊ အာသဝါ သမုဂ္ဃာတံ ဂစ္ဆန္တိ။"ဟု ဟောတော်မူသည်။

ဘုရားရှင်အဖြေကိုသာ ရေးတော့အံ့—

ဘိက္ခု၊ သေားကိုကြောက်တတ်တဲ့ရဟန်း။ စက္ခုံ၊ မျက်စိလို့သမုတ်တဲ့ အကြည်ရုပ်ကို။ အနိစ္စတော၊ ခဏခဏဖြစ်ပြီး ခဏခဏပျက်တယ်လို့။ ဇာနတော၊ အနိစ္စဝိပဿနာဉာဏ်ဖြင့် ပိုင်ပိုင်မိမိ ကောင်းစွာသိသောသူ အား။ ပဿတော၊ အနိစ္စဝိပဿနာဉာဏ်ဖြင့် ပိုင်ပိုင်ထင်ထင် ကောင်းစွာ မြင်သောသူအား။ ဝိဇ္ဇာ၊ အသိအလိမ္မာ ဉာဏ်ပညာလို့ခေါ်တဲ့ ဝိဇ္ဇာဉာဏ် သည်။ ဥပ္ပဇ္ဇတိ၊ စင်စစ်ကေန် အမှန်ဖြစ်တယ်ဟုမှတ်။ အဝိဇ္ဇာ၊ မှောင်မဲ ပိတ်ကာ မိုက်လှစွာသော အဝိဇ္ဇာကို။ ပဟီယတိ၊ စင်စစ်ဧကန် ပယ်နိုင် သည်ဟုမှတ်။ သံယောဇနာ၊ သံယောဇဉ်ကြိုး အမျိုးမျိုးတို့ကို။ပဟီယန္တိ၊ စင်စစ်ကေန် အမှန်ပယ်နိုင်သည်ဟုမှတ်။ သံယောဇနာ၊ သံယောဇဉ်ကြိုး အမျိုးမျိုးတို့ကို။ သမုဂ္ဃာတံ၊ အကြွင်းမဲ့ချုပ်ဆုံးပြီး အကုန်လုံးကင်းပြတ် ခြင်းသို့၊ ဂစ္ဆန္တိ၊ စင်စစ်ကေန်အမှန်ရောက်ပြီဟုမှတ်။ အာသဝါ၊ ကာမာ- သဝ စသည်ယိုမှု အစုစုတို့ကို။ ပဟီယန္တိ၊ စင်စစ်ကေန် အမှန်ပယ်နိုင်သည် ဟုမှတ်။ အာသဝါ၊ ကာမာသဝ စသည်ယိုမှု အစုစုတို့ကို၊ သမုဂ္ဃာတံ၊ အကြွင်းမဲ့ ကုန်ဆုံး၍ အကုန်လုံးကင်းပြတ်ခြင်းသို့။ ဂစ္ဆန္တိ၊ စင်စစ်ကေန် အမှန်ရောက်နိုင်သည်ဟုမှတ်။

"အနိစ္စသညာ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ သဗ္ဗံ ကာမရာဂံ ပရိ- ယာဒိယတိ၊ သဗ္ဗံ ရူပရာဂံ ပရိယာဒိယတိ၊ သဗ္ဗံ ဘဝရာဂံ ပရိယာဒိယတိ၊ သဗ္ဗံ အသ္မိမာနံ သမူဟနတိ။"ဟု ဟောတော်မူသည်။

ဘိက္ခဝေ၊ သေားကိုကြောက်တတ်တဲ့ရဟန်းတို့။ အနိစ္စသညာ၊ လောကီ အမှန် ရုပ်နှင့်နာမ် မှန်သမျှတို့သည် ခဏခဏဖြစ်၍ ခဏခဏပျက်တတ်၏ ဟူသော အမှတ်သညာကို၊ ဘာဝိတာ၊ ခဏမခြား ပွားများအပ်သည် ဖြစ်သော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်သည်ဖြစ်သော်။သဗ္ဗံ၊ အားလုံးကုန်သော။ ကာမရာဂံ၊ ကာမရာဂကို။ ပရိယာဒိယတိ၊ ကုန်ခန်း စေတတ်၏။ သဗ္ဗံ၊ အကုန်လုံးသော။ ဘဝရာဂံ၊ ဘဝရာဂကို။ ပရိယာဒိ- ယတိ၊ ကုန်ခန်းစေတတ်၏။ သဗ္ဗံ၊ အကုန်လုံးသော။ အသ္မိမာနံ၊ ငါငါ

ဟူ၍ မှတ်ထင်ရောင်ဝါး အမြင်ကြွားလျက်နေသော မာနကို။ သမူဟနတိ၊ အမြစ်အရင်းနှင့်တကွ နှုတ်ပယ်နိုင်၏။

ထိုဒေသနာကို ထောက်ထားယုံကြည်သဖြင့် သောတာပန်အဖြစ်သို့ ရောက်သဖြင့် ပယ်အပ် စွန့်အပ်သော ကာမရာဂ ဘဝရာဂ စသည်တို့ကို လည်းကောင်း၊ သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သဖြင့် ကာမရာဂ၊ ဘဝရာဂ၊ ရူပရာဂ၊ မာန်မာနတို့ကိုလည်းကောင်း, အလုံးစုံသော ကာမရာဂ ဘဝရာဂ အရူပရာဂ ဘဝရာဂ မာန်မာနတို့ကို ပယ်စွန့်တော်မူကြကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်မြတ်ကြီးတို့အားလည်းကောင်း, အနိစ္စသညာကို ပွားများအားထုတ်၍ ရရှိဘော်မူကြပေကုန်သည်ဟု မှတ်တော်မူကြပါ။

ဖးကျိုးပြဂါထာ

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။
(ဓမ္မပဒ ပါဠိတော်။)

ဥဒယဗ္ဗယံ၊ စက္ခုဝိညာဏ် သောတဝိညာဏ်၏ ဖြစ်ခြင်းပျက်ခြင်းကို။ အပဿံ-အပဿန္တော၊ တကြိမ်တခါမျှ မထင်မမြင်ဖူးသေးသော။ ယော စ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ရာ၏။ တဿ၊ ထိုစက္ခုဝိညာဏ် သောတဝိညာဏ်၏ ဖြစ်ခြင်းပျက်ခြင်းကို မထင်မမြင်ဖူးသေးသော ပုဂ္ဂိုလ်၏။ ဇီဝိတံ၊ အသက်ရှည်သောထက်၊ ဥဒယဗ္ဗယံ၊ စက္ခုဝိညာဏ် သောတဝိညာဏ်၏ဖြစ်ခြင်း ပျက်ခြင်းကို ထင်မြင်သောပုဂ္ဂိုလ်၏။ ဧကာဟံ၊ တရက်မျှ။ ဝါ၊ တနာရီမျှ။ ဇီဝိတံ၊ အသက်ရှည်၍နေရခြင်းသည်။ သေယျော၊ အလွန်မြတ်လှပါ၏။

ကောဒသကာယဒီပက ရှုဖွယ်ကျမ်း ပြီး၏။

# ကောင်းမှုရှင်တို့ဆုတောင်း

မယံ ဘန္တေ သံသာရာနုဒုက္ခတော မောစနတ္ထာယ။

ဘန္တေ၊ ခန္ဓာအစဉ် နာမ်အစဉ်ဖြစ်တော်မူသော အရှင်ဘုရား။ မယံ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏဟု ကာယပညတ် စွဲမှတ်ခေါ်ဆို ကိုယ်ဟုသမုတ် အကျွန်ုပ်တို့သည်။ သံသရာနုဒုက္ခတော၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် ကိလေသဝဋ်၊ ကုသိုလ်ကံ အကုသိုလ်ကံသည် ကမ္မဝဋ်၊ ဂမ္ဘဇ ဓာတ်မီး၊ ၇ မျိုးသောအခိုးလေဓာတ်၊ ၇၀ သောရုပ်ကလာပ်၊ ၆ ပါးသော ဝိညာဏ်တို့သည် ဝိပါကဝဋ်ဟုဆိုအပ်သော ဤဝဋ်သုံးပါး သံသရာကြီးထဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရစေခြင်း အကျိုးငှာ။ 'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ' ဟူ၍ ဟောတော်မူသည့်အတိုင်း ဓမ္မပူဇော်ခြင်းဖြင့် လှူဒါန်းဝေငှ ပူဇော်ပါ၏ အရှင်ဘုရား။

ဓမ္မဒါန လှူဒါန်းလိုသော စေတနာ သဒ္ဒါဆန္ဒတရားတို့သည် ခုဖြစ် ခုပျက်၍ မမြဲသောကြောင့် အနိစ္စ အနိစ္စ။

ခုဖြစ် ခုပျက်၍ ဆင်းရဲသောကြောင့် ဒုက္ခ ဒုက္ခ။

ဘုရားကို ရှိခိုးလိုသော လှူဒါန်းလိုသော ဝီရိယတရား သတိတရား စေတနာတရား သဒ္ဒါဆန္ဒတို့သည် ခုများစွာဖြစ် ခုများစွာပျက်၍ အစိုး မရသောကြောင့် အနတ္တ အနတ္တ။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

စစ်ကိုင်းတောင်ရိုး မြန်အောင်ကျောင်း ဆရာတော်ဘုရားကြီး ဟော ညွှန်ပြသ သုံးမဲ့ဟော်မူသော တရားတို့ကို ဆရာတော်ဘုရားကြီး၏ အန္တေ- ဝါသိက တပည့်များဖြစ်ကြသော မန္တလေးဒိဇတြိုတ် စဉ့်ကူးမြို့အပိုင်

တောင်အင်းရွာ သိမ်တော်ကျောင်းဆရာတော် ဦးပညာ၊ ညောင်ပင်သာကျောင်းဆရာတော် ဦးဣန္ဒက၊ ရွှေဒါးကျောင်းဆရာတော် ဦးဥတ္တမ၊ မှန်ကျောင်း ဦးကုသလ၊ လေသာကျောင်း ဦးကုမာရ၊ ကြာဥယျာဉ်ရွာကျောင်းဆရာတော် ဦးကုဏ္ဍလ၊ ထုံးကြီးရွာ ရွှေမုဋ္ဌောချောင်ဆရာတော် ဦးနန္ဒိယ၊ ဦးကဝိန္ဒ၊ ဦးစန္ဒိမာ၊ ဦးအာသဘ၊ ဦးသီလတို့ကို အမှူးထား၍ ၁၂၉၄-ခု၊ တော်သလင်းလအတွင်း သမထဝိပဿနာကျင့်စဉ်ကျမ်း စာအုပ်ရေ(၁၀၁၀)ကျော်၊ ၁၂၉၇-ခုနှစ်၊တိဒိန္နဒီပကရှုဖွယ်ကျမ်း စာအုပ်ရေ(၁၀၀၁)ကျော်၊ ၁၂၉၈ ခုနှစ်၊ ဟေတုဖလဓမ္မရာသီကျမ်း(၁၀၀၀)ကျော်၊ ၁၂၉၉-ခုနှစ်၊ 'ကာယဒီပကာရှုဖွယ်ကျမ်း (၁၀၀၀) ကျော်၊ ၁၃၀၂ ခုနှစ်၊ ပဌမဗုဒ္ဓဝစနစတုဂမ္ဘီရကျမ်း၊ ၁၃၁၀-ခုနှစ်၊ ပရမတ္ထရူကွဒီပနီရှုဖွယ်ကျမ်းများကို ရိုက်နှိပ်ခဲ့သည်။

ပ-မ-သ-စ-၂၂၁-၂၈-၃-၈၄-၁၀၀၀အုပ် (၂)

ဓမ္မဒါနရှင်များ

မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ဆယ်ကြီးရွာ

## ဒေါ်ကြိ - မိသားစု

## ဓမ္မဒါန